www.burmeseclassic.com



လွန်းသက်နိုးမြတ်

# ဇလာတစ်စက်

(လုံးချင်းဝတ္ထုသစ်)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၁၁၁၂၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၂၇၃၀၃၀၇

[redacted] ။ [redacted]

ထုတ်ဝေသူ

။

ဦးစန်းမွန်အောင်

(ငါတို့စာပေ)

75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း

နိုင်လင်း

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

။

ဦးတင်အောင်ကျော်

(စွယ်တော်ပုံနှိပ်တိုက်)

အမှတ်(၁၄၇)၊ ၅၁-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

အုပ်ရေ

၅၀၀

[redacted] ။ [redacted]

www.burmeseclassic.com

www.burmeseclassic.com



## ၃

### အစ

ပန်းချီဆရာက အခုပင် ရေးဆွဲပြီးစီးသွားသော ပန်းချီကားကို ပီတိစိတ်ဖြင့် ငေးကြည့်နေသည်။

အားမလို အားမရဖြစ်ဟန်ရှိသော ပန်းချီဆရာသည် သူဆွဲထားသည့် ပန်းချီကားကို ခပ်လှမ်းလှမ်းမှနေ၍ ချာကြည့်သည်။ ပြီးတော့ အနားပြန်သွားကာ နီးနီးကပ်ကပ်လည်း ကြည့်သည်။

နောက်ဆုံးတော့ ပန်းချီဆရာသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ပုံရ၏။ စုတ်တံကို ကောက်ကိုင်ပြီး ပန်းချီကားပေါ် ဆေးစက်တစ်စက် တို့လိုက်သည်။ တစ်စက်တည်းသာဖြစ်သည်။ စုတ်

www.burmeseclassic.com

www.burmeseclassic.com



တံကို ပြန်ချကာ ပန်းချီဆရာက ပန်းချီကားကို ပူးတုံ့ခွာတုံ့ ကြည့်ပြန်သည်။ ထို့နောက် ပန်းချီဆရာ၏ မျက်နှာပေါ်တွင် အားရကျေနပ်သည့် အနုပညာစိတ်က တငွေ့ငွေ့ပေါ်လွင်နေတော့၏။

၂၀၀၄

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားပေါ်မှ ပန်းချီဆရာနောက်ဆုံးတို့လိုက်သော ဆေးစက်တစ်စက်သည် ဘာအရောင်မှ မဟုတ်ဘဲ ဗလာတစ်စက်သာ ဖြစ်ပြီး ထိုဗလာတစ်စက်သည်ပင် သူ့ဘဝဖြစ်လေသည်။

www.burmeseclassic.com



# ၃

## စိတ္တဇအခန်း

အခန်းထဲရောက်ရောက်ချင်း သူ့စိတ်တွေ ရုတ်တရက် ညို့မှိုင်းသွားသလို ခံစားမိသည်။ အခန်းနံရံတွေဆီက စိုထိုင်းထိုင်းအနံ့တစ်ခုကိုလည်း ရနေသည်။ အသံဗလံတွေက ဟိုနေရာ သည်နေရာမှ မတိုးမကျယ် ထွက်ပေါ်နေသည်။ အခန်း၏ အရှေ့ဘက်မျက်နှာစာမှ ပြတင်းပေါက်များသည် တချို့ဖွင့်လျက်၊ တချို့ ပိတ်လျက် ရှိနေ၏။ သို့ရာတွင် တက်သစ်စနေရောင်ခြည်ကတော့ အရှေ့ဘက်မျက်နှာစာရှိ ပြတင်းပေါက်အားလုံးကို ထိုးဖြတ်၍ အခန်းထဲ ဖြာဆင်းလင်းကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူက အခန်းထဲကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ အခန်းထဲမှာ သူ့လိုပင် တူညီဝတ်စုံဝတ်ဆင်ထားသူ ငါးယောက်တိတိ ရှိနေတာကိုမြင်သည်။ ငါးယောက်စလုံး၏ ဘယ်ဘက်ရင်အုံတွင် မိမိတို့၏ သက်ဆိုင်ရာ နံပါတ်များ တပ်ဆင်ထားတာကိုလည်း တွေ့ရသည်။ နံပါတ် ၁၀။ နံပါတ် ၁၆။ နံပါတ် ၃။ နံပါတ် ၉နှင့် နံပါတ် ၂၄ တို့ဖြစ်ကြသည်။ သူတို့အားလုံး၏ အသွင်အပြင်တွေက တစ်မျိုးစီထူးခြားနေတာ မြင်ရ၏။

သူတို့သည် အသက်(၁၅)နှစ်ခန့်မှ အသက်(၅၀)ကျော်ခန့်ရှိ အရွယ်စုံဖြစ်သည်။ နောက်ပြီး ... သူတို့အားလုံး ပုရိသနွယ်ဝင်ယောကျ်ားများချည်း ဖြစ်ကြောင်းလည်း တွေ့ရ၏။ အခန်းထဲက လူအားလုံးကို ပတ်ကြည့်လိုက်ပြီး ... သူ ညင်သာစွာ ပြုံးမိလိုက်သည်။ တစ်ဆက်တည်းမှာပဲ အလင်းရောင်သိပ်မဝင်သေးသော အခန်း၏ နောက်ဘက်ထဲသို့ တိတ်တိတ်ဆိတ်ဆိတ် သူ လျှောက်ဝင်သွားလိုက်သည်။ အခန်းနောက်ဘက်ထဲရောက်တော့ အသင့်တွေ့ရသော ခုတင်တစ်လုံးပေါ်ကို သူ လှဲချရင်း မျက်လွှာကို အသာမှိတ်ထားလိုက်၏။ သူ့အာရုံတွေ ငြိမ်းချမ်းသွားသလို ထင်မှတ်ရလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



# ၃

အခုဆိုလျှင် အခန်းထဲတွင် တူညီဝတ်စုံဝတ်ဆင်ထားသူ စုစုပေါင်း ခြောက်ယောက်ရှိသွားပြီဖြစ်ပြီး သူတို့၏ ဘယ်ဘက်ရင်အုံပေါ်တွင် ကိုယ်ပိုင်နံပါတ်များ တပ်ဆင်ထားတာကိုလည်း တွေ့မြင်နိုင်သည်။

ထိုအထဲမှ အသက်(၂၀)ကျော်အရွယ် အသားလတ်လတ်နှင့် လူငယ်၏အသံသည် အခြားအခန်းဖော်များထက် ပိုကျယ်ကာ အခန်းတစ်ခန်းလုံး၏ ခုနစ်ဆယ်ရာခိုင်နှုန်းလောက်က သူ့အသံသာလျှင် ဖြစ်နေပေသည်။

ရုတ်တရက် ... မိတ်ထားသော သူ့မျက်လုံးများကို ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထို့နောက် ဝူးဝူးဝါးဝါး အော်ဟစ်နေသည့် အသား လတ်လတ်နှင့် လူငယ်ဆီ သူ လျှောက်သွားလိုက်သည်။ အနားသို့ သူ ရောက်သွားသည့်တိုင် လူငယ်က ဂရုမပြုမိဘဲ ဆက်လက်အော် ဟစ်မြဲ အော်ဟစ်နေ၏။

သူက ခုတင်စွန်းပေါ်ထိုင်နေသော လူငယ်နှင့် မျက်နှာ ချင်းဆိုင်တည့်တည့်ရှိ ခုံတစ်လုံးပေါ် ဝင်ထိုင်လိုက်သည်။ လူငယ် က အနည်းငယ် အစူစီနိုင်သည့် မျက်လုံးများဖြင့် သူ့ကို ကြည့်သည်။ သို့သော် ... ဝူးဝူးဝါးဝါး ပါးစပ်ကထွက်နေသော အသံကတော့ ပျောက်ကွယ် မသွား။ ပို၍ ကျယ်လာသလားတောင်ပင် ထင်ရ၏။

လူငယ်ကို မျက်နှာချင်းဆိုင်ကြည့်ရင်း သူ ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည်။ စောစောကအတိုင်း ... သူ့မျက်လုံးတွေကို အသာမှိတ်လိုက်သည်။ နောက် သူ့ညာဘက်လက်က မြှောက် တက်သွားကာ မျက်လုံးများမှိတ်ထားရင်းနှင့်ပင် သူ့ရှေ့မှ လူငယ် ၏ မျက်နှာပြင်ပေါ်ထိ စမ်းလိုက်သည်။ သူ့လက်ဖြင့် ထိစမ်းမိသော လူငယ်၏ နှုတ်ခမ်းတစ်စုံသည် တလှုပ်လှုပ်နှင့်ရှိကာ ဝူးဝူးဝါးဝါး အော်ဟစ်နေဆဲပင်ရှိ၏။ ရှန်းကန်ဖယ်ရှားခြင်းတော့ မရှိ။

သူ့လက်က လူငယ်၏ နဖူးပြင်ပေါ် ရောက်ရှိသွားသည်။ အသေအချာပြောရလျှင် သူ့ညာဘက် လက်ဖနောင့်အောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



လှူငယ်၏ နဖူးပြင်အထိအတွေ့ကို သူ ရနေသည်။ မျက်လုံးတွေကို ဆက်လက်မှိတ်ထားရင်း သူ ငြိမ်သက်နေသလောက် ... လှူငယ်က တော့ အဆက်မပြတ် အော်တုန်းပင်။ တစ်ခါတလေ အသံပါမက လှူငယ်၏ ခန္ဓာကိုယ်ပါ လှုပ်သွားတတ်ပြန်သေးသည်။

ခဏကြာတော့ ထူးဆန်းစွာပဲ လှူငယ်၏အသံက တိခနဲ ရပ်တန့်သွားသည်။ နောက်ထပ်လည်း ပြန်ပေါ်မလာတော့။ လှူငယ်၏ နဖူးပြင်ပေါ် ဖိစမ်းထားသော သူ့လက်ဖနောင့်သည် ဆတ် ခနဲ ခါသွားပြီး သူ့အာရုံထဲသို့လည်း အလင်းတန်းတစ်ခုက စူးရှစွာ ဝင်ရောက်လာခဲ့သည်။

"အား ..."

ခပ်သာသာ တစ်ချက်အော်ညည်းလိုက်ရင်း သူ့မျက်နှာ က နည်းနည်းမဲ့သွားသည်။ တစ်စက္ကန့် ... ။ နှစ်စက္ကန့် ... ။ သုံးစက္ကန့်။ ဟော ... ရောက်ပြီ။ သူ့ရှေ့မှ ခုတင်ပေါ်ထိုင်နေသော လှူငယ်၏ အတိတ်ကာလများဆီ။ ပြီးတော့ လှူငယ်၏အကြောင်း ကို သူ တိုးတိုးဖွဖွ ပုံပြင်တစ်ပုဒ်လို စတင်ရေရွတ်မိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်(၃)

တီးခတ်ချင်စိတ်မရှိလို့
ဂစ်တာကြိုးတွေ အပိုင်းပိုင်းဖြတ်ပစ်ခဲ့တယ်။

(ဒဿရာရွှင်းများမှ ... )
(၂၀၀၁ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



(၁)

အဖေနှင့်အမေ ရန်ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

ညီမလေးက စက်ချုပ်စက်ခုံပေါ် မျက်နှာမှောက်ကာ ငိုကြွေးနေပါသည်။ ကျွန်တော်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး အံကိုလည်း တင်းတင်းကျိတ်ထားပါသည်။ ဤကိစ္စသည် တတိယစအကြိမ်မြောက် ကျရှုံးခဲ့သော ပြီးခဲ့သည့်လက ကျွန်တော်၏ ဆယ်တန်းစာမေးပွဲ အောင်စာရင်းကြောင့်လား။ ဆွေမျိုးထဲက အနည်းငယ် ပိုက်ဆံရှိသော အမေ့ဘက်မှ ဦးလေး မိသားစုတစ်စုထံ အလည်အပတ် သွားဦးမည်ဟု ပြောခဲ့သည့် အမေ့ကြောင့်လား။ အဖေ့ရုံးမှ အဖေ့လက်အောက်တွင် ခေါ်ယူထမ်း သော နာမည်ဆန်းဆန်းဖြင့် အပျိုကြီးမမက အဖေ့ကို တစ်ခါတစ်ရံ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်လိုက်ပို့ပေးတတ်ခြင်းကြောင့်လား။ ကျွန်တော် မသိပါ။ ကျွန်တော် သိသည်မှာ ထိုအကြောင်းများထဲမှ တစ်ခုကြောင့် ဒါမှမဟုတ် ကျွန်တော်မသိသော တခြားအကြောင်း တစ်ခုကြောင့်လည်း ဖြစ်နိုင်သည်။ အကြောင်းဆိုသော် အဖေနှင့် အမေ ရန်ဖြစ်ခြင်းသည် ကျွန်တော်တို့ မောင်နှမနှစ်ယောက် သိရှိထားသည့် ကိစ္စရပ်တွေအပြင် လုံးလုံးမသိရှိသော ကိစ္စရပ်များကလည်း အဖေနှင့် အမေ့ကို ရန်ဖြစ်ဖို့ အဆင်သင့်ဖြစ်နေစေသည်မှာ ကာလကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ ထို့ကြောင့် ...

အဖေနှင့် အမေ ရန်ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဂစ်တာကြိုးကို အတော်ကြိုးစားပမ်းစား ညှိယူနေရပါသည်။ ကြိုးတစ်ချောင်းချင်းစီကို တီးခတ်ပြီး ပေါ်လာသည့်အသံကို ဂရုတစိုက် နားထောင်ပါသော်လည်း နားထဲတွင် ဂစ်တာကြိုး၏ တုန်ခါသံသည် တစ်ချက်တစ်ချက် ပျောက်ကွယ်၍ အဖေနှင့် အမေ၏ ရန်ဖြစ်သံကိုသာ ကြားနေရပါသည်။

"ဟေ့ကောင် ... မင်း ကြိုးညှိတာ မပြီးသေးဘူးလား၊ ဟိုကောင် သိန်းလွင်အလုံးတောင် မင်းနောက်မှညှိတာ ပြီးသွားပြီ"

သန်းထူးအောင်က ကျွန်တော့်ကို အားမလို အားမရ ကြည့်ကာ ပြောပါသည်။

"ခဏစောင့်ပါကွာ ... ငါ ဒီနေ့ နည်းနည်းအာရုံပျားနေလို့ ပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"စောင့်ရင်း မိုးလင်းသွားဦးမယ် ထက်ပိုင်ရ ... ဟဲ ... ဟဲ၊ ကြိုးညှိမိုးလင်း ... ကြိုးညှိမိုးလင်း ... "

ရာဇာက ထုံးစံအတိုင်း ပြောင်စပ်စပ် မျက်နှာပေးဖြင့် ဝင်ပြောပါသည် ... ။ ဒီကောင်တွေအားလုံးထဲတွင် သော်ကြီး တစ်ယောက်သာ အနေအေးပြီး ... ကျွန်တော်တို့ သူငယ်ချင်းများ အားလုံး၏ တစ်ယောက်တည်းသော ပညာတတ်လည်း ဖြစ်ပါ သည်။ တကယ်လည်း ဆယ်တန်းမအောင်သော သူငယ်ချင်းများ ကြားထဲမှာ သော်ကြီးက ရူပဗေဒမေဂျာနှင့် နောက်ဆုံးနှစ် ရောက် နေပြီ မဟုတ်ပါလား။

ကျွန်တော်တို့အဖွဲ့သည် သော်ကြီးတို့ လမ်းထိပ်က အုတ် ခုံပေါ်တွင် သီချင်းထိုင်ဆိုဖို့ရာ ပြင်ဆင်နေကြခြင်းဖြစ်ပါသည်။ ဂစ်တာကို ခဲရာခဲဆစ် ကြိုးညှိပြီးသွားသောအခါ ကျွန်တော်က ရစ်သမ်တီးပြီး သိန်းလွင်ဂွာ ဘော့စ်လိုက်ပါသည်။ ကျန်သူငယ်ချင်း များက သူတို့သိသလောက် တတ်သလောက်နှင့် သီချင်းကို ခံစား သီဆိုကြပါသည်။ ဂစ်တာတီးရုံတီးပြီး သီချင်းလိုက်မဆိုသော ကျွန်တော့်ကို သော်ကြီးက အားလုံးကြားအောင် ပြောပါသည်။

"ဟော့ကောင်တွေ ... ခဏငြိမ်ကြဦး ... ဒီကောင်ကြီး ဘာတွေဖြစ်ပြီး တိတ်နေရတာတုန်း ... မေးကြစမ်းပါဦး ... "

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွဲလုံးက ထွက်လက်စအသံတွေရပ်ပြီး ကျွန်တော့်ချက်နှာကို လှမ်းကြည့်ကြပါသည်။ ကျွန်တော်က သူတို့ကို ပြန်ဆောင်၍တောင် ပြုံးမပြနိုင်ပါ။ ကျွန်တော့်ရင်ထဲတွင် တစ်စုံတစ်ရာက ဆို့ဆို့နင့်နင့်ဖြစ်နေသည်ဟု ထင်နေမိသောကြောင့် ဖြစ်ပါ၏။

"မင်းမပြောချင်လည်း ဒီနေ့တော့ ထားလိုက်ကွာ ... အေး ... မနက်ဖြန်ကျရင်တော့ ငါတို့ ဒီပြင်တစ်နေရာမှာ ဂစ်တာသွားတီးကြမယ် ... အဲဒီခါကျရင် မင်း ဒီလိုငိုင်နေဦးမလား ကြည့်ရမယ် ... "

သန်းထူးအောင်က စကားထူးဝင်ပြော၏။

"နေပါဦး ... မင်းက ဘယ်နေရာ သွားတီးမှာမို့ ဒီလောက် ဖြစ်နေတာလဲ ... "

သိန်းလွင်က ခပ်ပြတ်ပြတ်မေးသည်။

"ဟဲ ... ဟဲ ... ရပ်ကွက်ထဲမှာ အသစ်လာဖွင့်တဲ့ အမျိုးသမီးအဆောင်လေ ... ငါနဲ့ ရာဇာနဲ့ အစစစီစဉ်ပြီးသွားပြီ ... မင်းတို့ကိုတော့ ခုမှ ပြောရတာပဲ ... ဘယ်လိုလဲ ကိုယ့်လူတို့ ... "

အားလုံးက ထိုအစီအစဉ်ကို အလွယ်တကူပဲ လက်ခံလိုက်ကြပါသည်။ ကျွန်တော်သည် စိတ်က အိမ်ကို ရောက်နေ

www.burmeseclassic.com



သော်လည်း အိမ်သို့ပြန်ချင်စိတ်ကား မရှိပါ။ ကျွန်တော်တို့ ရပ်ကွက်ကလေး၏ ညနေသည် လှူငယ်တစ်သိုက်၏ ရှေ့မှောက်တွင် ဤကဲ့သို့ပင် ကုန်ဆုံးသွားပြန်ပါတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



(၃)

"မင်း ... ဒီနေ့ အလုပ်ကော သွားရဲ့လား ... "

"ဟုတ်ကဲ့ ... သွားပါတယ် အဖေ ... "

ကျွန်တော့်ဆီက အဖြေကို ကြားတော့မှ အဖေ့မျက်နှာပေါ်က တင်းမာမှုတွေဟာ အနည်းငယ်ပျောက်ကွယ်သွားပါသည်။

"ရှင် သားသမီးတွေကို လျှောက်မဲမနေနဲ့ ဦးဖေတင် ... သားသမီးတွေက ဘယ်သူ့မှ ရှင့်လောက် မမိုက်မဲဘူး ... "

အမေက နောက်ဖေးမှာ ချက်ပြုတ်နေရင်းနှင့်ပင် လှမ်းအော်ပြောပါသည်။

"ဟ ... မင်းဟာက ဘလိုင်းကြီးပါလားကွ မိသွင်ရ ...

www.burmeseclassic.com

www.burmeseclassic.com



မင်း ဒီကောင့်အကြောင်း ဘယ်လောက်သိလို့လဲ ... ကဲ ... ပြော စမ်းပါဦး၊ ဒီကောင် ခုထိ ဆယ်တန်းအောင်သေးလို့လား ... "

နောက်ဖေးခန်းဘက် မျက်နှာလှည့်ပြီး အဖေက ပြန် အော်ပါသည်။

"အို ... ဒါက ရှင်အသုံးမကျလို့သာပေါ့ ... သားသမီးတွေ လိုအပ်တာ ရှင် ဘယ်တုန်းက ဖြည့်ဆည်းပေးဖူးလို့လဲ ... "

ပြောရင်းနှင့် အမေက အိမ်ရှေ့ကို ထွက်လာပါသည်။

"ဘာကွ ... မင်းကရော ဘာအသုံးကျလို့လဲ ... ကြည့် စမ်း ... အိမ်ဟာ အိမ်နဲ့ ဘယ်တုန်းကမှ မတူဘူး ... မျက်နှာ ကြက်မှာ ကျပ်ခိုးနဲ့ ကြမ်းပြင်မှာ အမြဲတမ်း အမှိုက်စုတ်၊ အဝတ် စုတ်နဲ့ ငါ ဘယ်တုန်းက မီးပူတိုက်ပြီးသား ခေါက်ရိုးကျိုးတဲ့အကျီ ရှုံးကို ဝတ်သွားဖူးသလဲ ... အေး ... သားသမီးတွေလည်း မင်းနဲ့ တူတာ ... အဲဒါကြောင့်မို့ အပေအတေတွေဖြစ်နေတာ ... "

"ရှင် ... ရှင် ... ကိုဖေတင် ... ဒါတွေက ရှင်နဲ့ ရတဲ့ ကလေးတွေ မဟုတ်ဘူးလား ... "

"ဟ ... ဒါ ငါ အသေအချာ ဘယ်ပြောနိုင်မှာတုန်း ... မင်းပဲ အသိဆုံးနေမှာပေါ့ ... "

ထုံးစံအတိုင်း အဖေနှင့် အမေ ရန်ဖြစ်ကြပါသည်။ အမေ

www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ ချက်ပြုတ်နေသော ညီမလေးသည် ယောက်မတစ်ချောင်းကို ကိုင်လျက်သား ထွက်လာပါသည်။ ကျွန်တော်သည် အဖေနှင့် အမေ့ကိုလည်းကောင်း ညီမလေးကိုသော်လည်းကောင်း ဘာတစ်ခွန်းမျှ မပြောမိပါ။ တကယ်တမ်း ကျွန်တော့်ထံတွင် ပြောစရာ စကားများစွာ ရှိနေပါသည်။ သို့ရာတွင် ကျွန်တော့်ရင်ထဲ၌ တစ်စုံတစ်ရာသည် ဆို့ဆို့နှင့်နှင့် ဖြစ်နေသည်ဟု ကျွန်တော် ထင်မိသောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

နောက်ပိုင်း ညနေခင်းတိုင်း ကျွန်တော်တို့အဖွဲ့သည် 'မိုးမြင့်ကြယ်' အမျိုးသမီးဘော်ဒါဆောင်၌ပင် ညဉ့်နက်သည်အထိ ဂစ်တာတီးဖြစ်ကြပါသည်။

မိုးမြင့်ကြယ်၏ အုတ်တံတိုင်းနောက်ဘက်မှ မြေကွက်လပ်သည် ကျွန်တော်တို့အဖွဲ့ စခန်းချရာဖြစ်လာကာ ကောင်မလေး သုံးလေးယောက်လောက်သည်လည်း ... ကျွန်တော်တို့အဖွဲ့၏ အမာခံပရိသတ်များဖြစ်လာပါသည်။

ကျွန်တော်သည် မိုးမြင့်ကြယ်အဆောင်နောက်ဘက်မှာ ဂစ်တာတီးနေရသည့် အချိန်များတွင် အိမ်ကို မေ့လျော့တော်စ

www.burmeseclassic.com

www.burmeseclassic.com



ပြုလာခဲ့ပါပြီ။ ထို့အပြင် ... မိုးမြင့်ကြယ်အဆောင်သည် မှောင်မိုက်နေသည့် ကျွန်တော့်အတွက် ကြယ်တစ်ပွင့်ကို ချိတ်သီပေးထားရာ နေရာလည်း ဖြစ်လို့နေခဲ့ပါသည်။ ကြယ်ပွင့်လေး၏နာမည်မှာ ခရမ်းနုဖြစ်ပါ၏။

ကျွန်တော့်လိုပင် ကြယ်ပွင့်လေးတွေ တွေ့ရှိသွားကြသည့် သူငယ်ချင်းများလည်း ရှိပါသေးသည်။ သိန်းလွင်က သူနာပြုဆရာမလေး ပွင့်သစ်မင်း၊ ရာဇာက ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေသည့် စမ်းသော်တာ စသဖြင့် ဖြစ်ကြပါသည်။ သန်းထူးအောင်နှင့် သော်ကြီးကတော့ အရင့်အတိုင်းပင် ဖြစ်ပါသည်။ အရင်အတိုင်းဆိုသည်မှာ မိုးမြင့်ကြယ်တွင် သူတို့အတွက် ကြယ်တစ်ပွင့်မှ မရှိဟူ၍ ထင်မှတ်ပြီးကြသောကြောင့် ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် ... မိုးမြင့်ကြယ်၏ ညနေခင်းများတွင် ကျွန်တော်သည် ကြယ်ငေးသူတစ်ယောက် ဖြစ်လာခဲ့ပါသည်။ ကျွန်တော်၏ ဂစ်တာလက်သံသည်လည်း ပို၍ ရှန်းကြွလတ်ဆတ်လာခဲ့ပါ၏။ ထို့အတွက်ကြောင့် ကျွန်တော်သည် ခရမ်းနုကို ကျေးဇူးတင်နေမိပါသည်။

ကျွန်တော်သည် မိုးမြင့်ကြယ်သို့ ပထမဆုံးရောက်သည့် ရက်မှာပင် ခရမ်းနုကို စတွေ့ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



သိဆိုတီးခတ်သည့် မိုးမြင့်ကြယ်အဆောင်၏ အနောက်ဘက် တံတိုင်းနောက်မှ မြေကွက်လပ်သည် ခရမ်းနု နေထိုင်သော အခန်း နှင့် သိပ်မဝေးလှသလို သိပ်လည်းမနီးခဲ့ပါ။

သိန်းလွင်နှင့် ရာဇာတို့၏ ကြယ်ပွင့်လေးများ ဖြစ်ကြသော သူနာပြုဆရာမလေး ပွင့်သစ်မင်းနှင့် ကုမ္ပဏီစာရေးမလေး စမ်းသော်တာတို့ နေထိုင်ကြသော အခန်းများမှာမူ ကျွန်တော်တို့ အဖွဲ့၏ ချစ်ခင်ဖွယ် မြေကွက်လပ်ကလေးနှင့် များစွာနီးကပ်ပါသည်။ ထို့ကြောင့်လည်း သူတို့တစ်တွေသည် လျင်မြန်စွာ နီးစပ်သွားကြတာ ဖြစ်နိုင်ပါသည်။

"ဟော့ကောင် ထက်ပိုင် ... ငါတို့နှစ်ယောက်တောင် အဖြေရပြီ ... မင်းက ခုထိ မင်းကောင်မလေးကို ... လွှတ်ထားတုန်းပဲ"

စနေ၊ တနင်္ဂနွေလို ရုံးပိတ်ရက်တွေမှာ မဒီကိုယ်စီနှင့် အပြင်ကို အတူတူသွားလာခွင့်လိုင်စင် ရရှိသွားကြသော သိန်းလွင်နှင့် ရာဇာက အေးစက်စက် ကျွန်တော့်ကို အားမရဖြစ်ကြပါသည်။

"ဟုတ်တယ် ထက်ပိုင် ... ရာဇာပြောလည်း ပြောချင်စရာပဲ၊ မင်းပုံစံက တစ်စက်မှ အားရစရာမရှိဘူး ... "

မိုးမြင့်ကြယ်အဆောင်မှ ရည်းစားကိုယ်စီ ရသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



သိန်းလွင်နှင့် ရာဇာ၊ နောက်ပြီး ရည်းစားရှာမတွေ့သော သော်ကြီးနှင့် သန်းထူးမောင် ... ။ ထိုသူငယ်ချင်းများကြားထဲတွင် ကျွန်တော်သည် ခရမ်းနုကို ချစ်မိခဲ့သော်လည်း မစွန့်စားသည့်အတွက် ဘယ်ဘက်မှ မပီပြင်သည့် ဖားတစ်ပိုင်း ငါးတစ်ပိုင်းကောင်သာ ဖြစ်နေခဲ့ပါသည်။

"ထက်ပိုင်ရာ ... ငါတို့က ဒီအဆောင်က မိန်းကလေးတွေနဲ့ ဖူးစာမပါလို့ကွ ... မင်းက ကိုယ်ကလည်း ချစ်ရဲ့သားနဲ့ ... ဟိုကလည်း အခြေအနေ မဆိုးပါဘူး ... ဒါနဲ့များကွာ ... "

သန်းထူးမောင်နှင့် သော်ကြီးကလည်း ဒီကိစ္စအတွက် အငြိမ်မနေကြပါ။ ကျွန်တော့်ကို ဝိုင်းအာကြပါသည်။ သို့သော် ကျွန်တော်သည် ငြိမ်သက်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ရင်ထဲတွင် တစ်စုံတစ်ရာက ဆို့ဆို့နင့်နင့်ဖြစ်နေသည်ဟု ထင်ရသောကြောင့် ဖြစ်ပါ၏။

၁၈၄

www.burmeseclassic.com

www.burmeseclassic.com



(၅)

ယခုရက်ပိုင်းတွင် ကျွန်တော်သည် ကိစ္စအတော်များများ အား ဘာကြောင့်မှန်းမသိရဘဲ အလွယ်တကူ မေ့လျော့မှုများ မကြာခဏ ဖြစ်တတ်နေပါသည်။ ဥပမာ – ကျွန်တော်သည် စက် ဘီးပြင်ဆိုင်၌ ကျွန်တော်၏ စက်ဘီးအား လေထိုးနေစဉ် အမှုမဲ့ ဘေးသို့ ကြည့်လိုက်ရာ ကျွန်တော် လေထိုးနေသည့် စက်ဘီးက တခြားဘီး ဖြစ်နေ၍ ဘေးမှဘီးသည်သာ ကျွန်တော့်စက်ဘီး ဖြစ် နေခြင်းမျိုး၊ လက်ဖက်ရည်ဆိုင်ထိုင်သောအခါ ကျွန်တော် စီးလာ သည့် ဖိနပ်သည် အမေ့ဖိနပ် ဖြစ်နေခြင်းမျိုး၊ တစ်စုံတစ်ယောက်က ကျွန်တော့်နာမည်ကို လှမ်းခေါ်သော်လည်း ချက်ချင်းမကြားဘဲ

www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်ခေါ်မှ ကြားရခြင်းမျိုး စသဖြင့် စိတ်ကသိကအောက် ဖြစ်စရာများကို ကျွန်တော် ကြုံတွေ့လာရပါသည်။

ထိုကဲ့သို့ ကိစ္စရပ်လေးများသည် ဒီအတိုင်းနေလျှင် မသိသာသော်လည်း အလုပ်ခွင်ထဲတွင်မူ ကျွန်တော့်အား တာဝန်မကျေပွန်သည့် လုပ်သားအဖြစ် အထင်ရောက်စေပါသည်။

ကျွန်တော်သည် သံညီ၊ သံကွေးနှင့် သံပန်း၊ သံတံခါးများပြုလုပ်သည့်အလုပ်တွင် ဝင်ရောက်လုပ်ကိုင်နေရသည်မှာ ဒုတိယအကြိမ်မြောက် ဆယ်တန်းကို ကျရှုံးစဉ်ကဖြစ်ရာ ယခုဆိုလျှင် တစ်နှစ်ကောင်းကောင်းကျော်ခဲ့ပြီ ဖြစ်ပါသည်။

"ဟေ့ကောင် ထက်ပိုင် ... မနေ့က ငါ ဆေးသုတ်ခိုင်းထားတဲ့ဟာ ပြီးပြီလား ... "

"ပြီးပြီ ဆရာ ... ဟိုဘက်မှာ ... "

ကျွန်တော်က ခပ်လှမ်းလှမ်းမှာ ထောင်ထားသည့် သံပန်းတံခါးများရှိရာသို့ ဆရာဦးညွန့်မိုးကို ခေါ်သွားပြပါသည်။

"ဟာ ... ထက်ပိုင်ကမျှော့ လုပ်ချလိုက်ပြီကွာ ... "

ကျွန်တော် ဆေးသုတ်ထားသော သံပန်းတံခါးကိုကြည့်ရင်း ဆရာဦးညွန့်မိုးက စိတ်ပျက်လက်ပျက် ညည်းတွားပါသည်။

ကျွန်တော် နားမလည်နိုင်စွာ မေးမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဆရာ ... "

"ငါ မင်းကို ဆေးသုတ်ခိုင်းတာ ဒီတံခါး မဟုတ်ဘူးကွ၊ ဟောဟိုမှာ ထောင်ထားတဲ့ဟာ ... "

ဆရာဦးညွန့်မိုးမျက်နှာက ရှုံ့မဲ့နေပါသည်။ ကျွန်တော်သည် ဆရာဦးညွန့်မိုး ညွှန်ပြသည့်နေရာကို ကြည့်လိုက်ပါသည်။

"အဲဒါပြေ့ကွ ... အလုပ်ထဲမှာ စိတ်ကမရှိတာ ... မနေ့တုန်းက မင်းကို ငါ သေသေချာချာပြောပါရက်နဲ့ ... "

ကျွန်တော် ခေါင်းငုံ့နေမိလိုက်ပါသည်။ ဆေးမသုတ်ရသေးသော သံပန်းတံခါးချပ်လေးက နံရံကိုမှီကာ ငြိမ်သက်နေပါသည်။ ထိုအခိုက်အတန့်တွင် ကျွန်တော်သည် ဆေးမသုတ်ရသေးသည့် သံပန်းတံခါးချပ်လေးထက် ပို၍ ငြိမ်ဝပ်နေခဲ့ပါသည်။ အကြောင်းမှာ ... ကျွန်တော့်ရင်ထဲတွင် တစ်စုံတစ်ရာက ဆို့ဆို့နင့်နင့် ဖြစ်နေခြင်းကြောင့်ပင် ဖြစ်ပါသည်။

၁၀၀၁

www.burmeseclassic.com

www.burmeseclassic.com



(၆)

ဒီနေ့ ကျွန်တော် အလွန်ပျော်ရွှင်နေပါသည်။

မိုးမြင့်ကြယ်အဆောင်မှ သိန်းလွင်၏ ကောင်မလေး ဖြစ်သည့် ပွင့်သစ်မင်းထံမှတစ်ဆင့် ကျွန်တော်ချစ်သော ခရမ်းနု၏ ပြန်စာကို ရရှိသောကြောင့် ဖြစ်ပါသည်။

စာထဲတွင် ခရမ်းနုက ဒီနေ့ည မိုးမြင့်ကြယ်အဆောင် နောက်ဘက်မှာ ဆက်ဆက်ဂစ်တာလာတီးဖို့ အကြောင်းလည်း ရေးသားထားပါသည်။

မိုးမြင့်ကြယ်အဆောင်နောက်ဘက်သို့ ကျွန်တော်တို့အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ အဖွဲ့သားအားလုံးထက် ကျွန်တော်က ပို၍ စိတ်လှုပ်ရှားနေခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် သိန်းလွင်၏ ကောင်မလေး ပွင့်သစ်မင်းထံမှတစ်ဆင့် ခရမ်းနုအား ရင်ဖွင့်စာတစ်စောင် ရေးပေးလိုက်သဖြင့် ဖြစ်ပါသည်။

ခရမ်းနု၏ ပြန်စာအရ ... ကျွန်တော့်အခြေအနေသည် အလွန်အမင်း ကောင်းမွန်လျက်ရှိပါသည်။

"အဝေးက ... မိုးကောင်းကင်ထဲမှာ ... ငါ့အလွမ်းငှက်ငယ်လေးတစ်ကောင် ... မင်းနောက်လိုက်ရှာနေ ... "

အစရှိသည့် ကျွန်တော်ကြိုက်လွန်းလှသည့် ကိုငှက်ကြီးခေါ် အဆိုတော်ထူးအိမ်သင်၏ သီချင်းများကို ထိုနေ့ညနေက ကျွန်တော်ကိုယ်တိုင် တခုတ်တရ သီဆိုခဲ့ပါသည်။

မိုးမြင့်ကြယ်အဆောင်ရှိ ကျွန်တော်ချစ်သော ခရမ်းနုနေထိုင်သည့် အခန်းတံခါးသည် အရင်နေ့များကလို ပွင့်လျက်ရှိနေကာ မျက်မှန်ဝိုင်းဝိုင်းကလေး တပ်ဆင်ထားသည့် ခရမ်းနုသည် ကျွန်တော့်သီဆိုပုံများအား လှမ်း၍ ငေးမောနားထောင်နေခဲ့ပါသည်။

ကျွန်တော်သည် ... ဂစ်တာလက်ကွက်များကို အလို

www.burmeseclassic.com

www.burmeseclassic.com



အလျောက် သိစိတ်ဖြင့် တိုးရွေ့တီးခတ်ရင်း ပြုတင်းပေါက်မှ မြင်နေရသည့် ခရမ်းနုကို မြတ်နိုးစွာ ပြန်လည်ငေးမောမိပါသည်။

သူမကို အခုလို ငေးရီကြည့်နေရုံနှင့်ပင် ကျွန်တော့်အချစ်က လုံလောက်ပါသည်။ သူမသည် တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်ပြီး ငွေကြေးချောင်လည်သော မိသားစုတစ်ခုမှ ဖြစ်ပုံရပါသည်။ မိုးမြင့်ကြယ်အဆောင်၏ ထူးခြားချက်မှာလည်း ဤကဲ့သို့ ကွဲပြားခြားနားသော ကောင်မလေးများကို တစ်စုတစ်စည်းတည်း နားခိုခွင့်ပေးထားခြင်းပင် ဖြစ်ပါသည်။

ထိုနေ့က ကျွန်တော်သည် ... သူမထံမှ နောက်ထပ်စာတစ်စောင်ကို အိမ်မပြန်ခင်တွင် ကံကောင်းထောက်မစွာ ထပ်မံရရှိခဲ့ပါသည် ... ။ သည့်အတွက်ကြောင့် အဖွဲ့သားအားလုံးကို ကျွန်တော်၏ ရှိစုမဲ့စုပိုက်ဆံကလေးနှင့် လက်ဖက်ရည် ဝယ်တိုက်ခဲ့ရပါသေးသည်။ သူတို့က ဝိုင်းပြောကြပါသည်။ ဂစ်တာသမား၏ အောင်ပွဲဆိုလား ဘာဆိုလား။

သေချာတာက ထိုညက ကျွန်တော် အိပ်မပျော်ပါ။ ခရမ်းနုပေးလိုက်သော စာထဲတွင်ပါသည့် မိုးမြင့်ကြယ်အဆောင်၏ ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်နှင့် ဖုန်းဆက်ချိန်များကို အဖန်တလဲလဲ ဖတ်ရှုပြီး စိတ်ကူးယဉ်မိနေခြင်းကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၇)

"မင်း ... ခရမ်းနုဆီက အဖြေရတာ အရမ်းကံကောင်း တယ် ထက်ပိုင် ... "

ရာဇာပြောသည့် စကားကို ကျွန်တော် ကောင်းကောင်း နားမလည်ပါ။

"ဘာဖြစ်လို့လဲ ရာဇာ ... "

ရာဇာက ချက်ချင်းပြန်မဖြေ။

ခဏကြာမှ ...

"ငါ့ ကောင်မလေးက ပြောတယ် ... သူတို့ မိုးမြင့်ကြယ် အဆောင်မှာ ခရမ်းနုက မာနကြီးတယ်တဲ့ ... "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲတွင် ရုတ်တရက် ဆို့ဆို့နင့်နင့် ဖြစ်သွား၏။ ရာဇာက ဆက်ပြီးပြောသည်။

"ခရမ်းနုနေတာ ထိုင်တာက အရမ်းသူစိမ်းဆန်နေပုံပဲတဲ့"

ကျွန်တော် ငိုင်နေမိပြန်ပါသည်။ ရာဇာက ...

"မင်းရော ... သူနဲ့ ဆက်ဆံရတာ အဆင်ပြေရဲ့လား ထက်ပိုင်"

ရာဇာ့မျက်နှာကို ကျွန်တော် ဖျတ်ခနဲ လှမ်းကြည့်မိပါသည်။ ပြီးမှ ...

"မင်းသိတဲ့အတိုင်းပဲ ရာဇာ ... သူနဲ့ ငါ တစ်ခါမှ အပြင်မှာ မဆုံဖူးဘူး ... ဖုန်းထဲမှာပဲ စကားပြောခွင့်ရတာ ... ငါ့မှာ သူ့လက်ကလေး နွေးလား ... အေးလားတောင် မသိတဲ့ ရည်းစားပါကွာ"

ရာဇာက ကျွန်တော့်ကို အားနာသွားဟန်ဖြင့် ကြည့်ပါသည်။ နောက် ချက်ချင်းပင် ...

"ဆောရီးပဲ ထက်ပိုင်ရာ ... ငါက မင်းဘက်က မခံချင်လို့ စကားတွေ ပြောမိတာပါ ... "

"ရပါတယ် ရာဇာ ... ကိစ္စမရှိပါဘူး ... ငါကိုက အပြောခံရခဲ့တဲ့ ပါလာတာကိုး ... "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ နှစ်ယောက်စလုံး ငြိမ်နေမိကြပါသည်။ ဆို့ဆို့နင့်နင့်ဖြစ်နေသည့် ကျွန်တော့်ရင်သည် အခုအခါ ပို၍ ပြင်းထန်လာသလား ထင်မှတ်မိပါ၏။ ကျွန်တော့် အသက်ရှူမဝတော့ပါ။ ခရမ်းရေဟု ကျွန်တော် တိုးတိုး ရေရွတ်မိလိုက်သည် ထင်ပါသည်။ မသေချာပါ။

နှ၀နှ

www.burmeseclassic.com

www.burmeseclassic.com



(၈)

ကျွန်တော်သည် လုပ်လက်စအလုပ်ကို လုပ်နေရင်းနှင့်ပင် ခရမ်းနုအကြောင်းကို စဉ်းစားနေမိပါသည်။ မိုးမြင့်ကြယ်အဆောင် နောက်ဘက်မှာ ဂစ်တာသွားတီးသည့် အချိန်များမှလွဲရင် ကျန်အချိန်များတွင် ခရမ်းနုကို ကျွန်တော် တွေ့ဆုံခွင့်မရပါ။ သို့သော် … ခရမ်းနုကိုတော့ တယ်လီဖုန်းထဲမှနေ၍ ကျွန်တော့်အကြောင်း မှန်သမျှအား သိစေခဲ့ပြီးပြီ ဖြစ်ပါသည်။ ခရမ်းနု၏အကြောင်းကိုတော့ အနည်းအကျဉ်းမျှသာ ကျွန်တော် သိခွင့်ရခဲ့ပါသည်။ ထိုသို့ သိခွင့်ရခဲ့သည်များကလည်း ဟိုအရင် ကျွန်တော်သိထားသလောက်ထက် သိပ်မပိုခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းနုသည် ကျွန်တော်၏ အချစ်ကို လျင်လျင်မြန်မြန် ပြန်လက်ခံခဲ့သော်လည်း ကျွန်တော့်ကို ယုံကြည်ပုံတော့ မရပါ။ သူမနှင့် ပတ်သက်လာလျှင် ကျွန်တော့်စိတ်သည် မွန်းကျပ်ရှုပ်ထွေး နောက်ကျိ မူးဝေလျက် ရှိပါသည်။

"အား ... "

ဂဟောဂေါက်ကို ကျွန်တော် အထိတ်တလန့် လွှတ်ချပစ် လိုက်သည်။ ကျွန်တော့်အနားသို့ ဘေးမှ လုပ်ဖော်ကိုင်ဖက်ဖြစ် သည့် ကြည်ရအောင် ချက်ချင်းရောက်လာသည်။

"ထက်ပိုင် ... ဘာဖြစ်တာလဲ ... မင်းလက်ပြစမ်း ... "

ကျွန်တော့်လက်နှစ်ဖက်စလုံး ယောင်ယမ်း မြှောက်ပြမိ လိုက်ပါသည်။ ခပ်လှမ်းလှမ်းမှာ ဆေးသုတ်နေသော ကိုကိုဇော် သည်း ကျွန်တော့်နားကို ရောက်လာပါသည်။

ကျွန်တော့် ဘယ်ဘက်လက်မှ လက်ညှိုးနှင့် လက်မသည် ဂဟေမီးထိသွားသောကြောင့် အပူလောင်ဒဏ်ဖြစ်နေပါသည်။

"ဘယ်လိုဖြစ်တာလဲ ထက်ပိုင်ရာ ... "

ကိုကိုဇော် မေးသည်ကို ကျွန်တော် ပြန်မဖြေနိုင်ပါ ...။ ကျွန်တော် အဲသလိုဖြစ်နေတာ ကြာပြီမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"မင်းလက်ကို ဆေးထည့်လိုက်ဦး ... ဒါတွေထားခဲ့ ... မင်း အလုပ်တွေ ငါ ဆက်လုပ်ထားလိုက်မယ် ..."

ကြည်ရအောင်က ကျွန်တော့်လက်မှ အနာကိုကြည့်ရင်း ပြောပါသည်။

"ကျေးဇူးပါပဲဗျာ ..."

ပြောပြီး ထိုနေရာမှ ကျွန်တော် လှည့်ထွက်လာခဲ့ပါသည်။ အလုပ်ဆင်းခါနီးတွင် ထိုကိစ္စအား ဆရာဦးညွန့်မိုး သိသွားပါသည်။ ဖြစ်တုန်းက ဆရာဦးညွန့်မိုးသည် အပြင်ကို သွားနေသဖြင့် မသိခြင်းပင်။

"ထက်ပိုင် ... မင်း ဘာဖြစ်နေတာလဲ ... ဒါ ဒီညနေ အပြီးအစီးဖြစ်ရမဲ့ဟာကွ ..."

ဆရာဦးညွန့်မိုးက ကျွန်တော့်ကို ရေရေလည်လည် ငေါက်ငမ်းပါတော့သည်။ ကျွန်တော့် ဘယ်ဘက်လက်မှ ဒဏ်ရာသည် တဆစ်ဆစ်ကိုက်ခဲလျက် ပါရှိနေပါသည်။ ဆရာဦးညွန့်မိုးသည် ကျွန်တော့်လက်မှ ဒဏ်ရာကို တစ်ချက်မှမကြည့်ရှုခဲ့ပါ။ ကျွန်တော်၏ ပေါ့ဆမှုများအား ဆက်လက်၍သာ အပြစ်တင် ကြိမ်းမောင်းနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထက်ပိုင် ... လုပ်ပုံနဲ့ဆို ငါတောင် ထမင်းနပ်မှန်မှာ မဟုတ်တော့ဘူး ... ကျုန်တဲ့ကောင်တွေအားလုံး ထက်ပိုင်လို နမော်နမဲ့နိုင်ကြည့် ... ဒီလုပ်ငန်း အရင်းပြုတ်မှာ သေချာတယ်"

ကျွန်တော်သည် ဆရာဦးညွှန့်မိုး၏ စကားများကို ခေါင်းငုံ့နားထောင်နေရင်းမှ ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်လာပါသည် ...။ ကျွန်တော့်ရင်ထဲမှာ ... ဆို့ဆို့နင့်နင့်ဖြစ်နေသည့် တစ်စုံတစ်ရာ၏ တောင်ပံခတ်သံ တဖျပ်ဖျပ်ကိုလည်း စိတ်နားထဲမှာ ကြားနေရပါသည်။

"ဒီမယ် ဟော့လူ ... ခင်ဗျား သိပ်ပြီး မာန်တက်မနေနဲ့ ကျွန်တော် ထွက်တယ် ... ခင်ဗျားကြီး ကျွန်တော့်အကြောင်း နောက်တစ်ခွန်းပြောကြည့် ... ချက်ချင်းသတ်ပစ်မယ် ... "

ကျွန်တော့် နှုတ်ခမ်းထဲကနေ ကျွန်တော်ကိုယ်တိုင် မသိလိုက်ဘဲ စကားလုံးတွေက ဒေါသနှင့်အတူ ခုန်ထွက်သွားကြပါသည်။

"ဘာကွ ... ထက်ပိုင် ... မင်း ... မင်း ... "

အခြေအနေက ရုတ်တရက် ရှုပ်ထွေးသွားပါသည်။ နီးစပ်ရာ သံတုတ်တစ်ချောင်းကို ဆွဲယူလိုက်သော ကျွန်တော့်အား ...

www.burmeseclassic.com

www.burmeseclassic.com



ကြည်ရအောင်နှင့် ကိုကိုဇော်က ဝိုင်းထိန်းကြပါသည်။ ကျန်အလုပ်သမားများကလည်း ဆရာဦးညွန့်မိုးနှင့် ကျွန်တော့်ကြားတွင် ဝင်ရပ်ကြပါသည်။ အရာအားလုံးသည် ဝရုန်းသုန်းကား။ ထိုကြားထဲမှ ဆရာဦးညွန့်မိုးအသံက ထွက်လာချင်သေးသည်။

"ဟေ့ ... ထက်ပိုင် ... မင်း နေနှင့်ဦးပေါ့ကွာ ... "

"မနေဘူး ... ဟေ့လူ ... လာလေ ... ခင်ဗျားကြီး လာစမ်းပါ ... "

ကျွန်တော့်ကို ကြည်ရအောင်နှင့် ကိုကိုဇော်က အတင်းချုပ်ပြီး အိမ်အထိ ပြန်လိုက်ပို့ကြပါသည်။ ကာလအတန်ကြာ ဆို့ဆို့နင့်နင့် ဖြစ်နေသည့် ကျွန်တော့်ရင်သည် အနည်းငယ် ရှင်းလင်းသွားသလို ခံစားရပါသည်။

***

www.burmeseclassic.com

www.burmeseclassic.com



(၉)

ကံဆိုးချင်တော့ အိမ်တွင် ရုံးမှ စောစီးစွာ ရောက်နှင့်သော အဖေနှင့် အမေသည် အော်ကြီးဟစ်ကျယ် ရန်ဖြစ်နေကြလေပြီ။

ကြည်ရအောင်နှင့် ကိုကိုဇော်တို့ နှစ်ယောက်စလုံး ... ကျွန်တော့်ကို အိမ်ရှေ့တွင်ထားခဲ့ကာ ချက်ချင်းလစ်သွားကြပါသည်။ ကျွန်တော် အိမ်ပေါ်တက်သွားသောအခါ အဖေနှင့် အမေ ရန်ဖြစ်တာ ခဏငြိမ်သွားပါသည်။

“ဟော့ကောင် ထက်ပိုင် ... မင်းလက်က ဘာဖြစ်တာလဲ”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ဘယ်ဘက်လက်က ပတ်တီးကိုမြင်တော့ အဖေ က လှမ်းမေးပါသည်။

"ကျွန်တော် အလုပ်ထွက်ခဲ့ပြီ အဖေ ... "

"နေပါဦး ... မင်း အလုပ်ထွက်တော့ ... နောက်အလုပ် က ဘယ်တော့ရမှာမို့လဲကွ ... တော်းရ ... "

"ဟဲ့ ... ထက်ပိုင် ... နင်က ဘာတွေချမ်းသာနေလို့ အလုပ် ထွက်လိုက်တာလဲ ... နင့်ဒဏ်ရာကို ငါတို့က ကုပေးနေရ ဦးမှာလား"

အဖေရော အမေရော ကျွန်တော့်ကို ဝိုင်းဆူပူကြပါသည်။

"သားတစ်ယောက်ရှိတာ အားကိုးရမလား မှတ်တယ်၊ ဖအေ နဲ့ တဖြည်းဖြည်းတူလာပြီ ... "

"မင်းနဲ့တူတာ မိသွင်ရ... မင်းလိုပဲ ဒီကောင်က ဉာဏ်မရှိ ဘူး ... "

ရန်ထပ်ဖြစ်ကြပြန်ပါသည်။ ဒီတစ်ခါ စောစောကထက် ပိုပြီး ရန်ပွဲက ပြင်းထန်လာပါသည်။ နောက်ဆုံးတွင် အဖေက အမေ့ ပါးပြင်ပေါ်ကို လက်သီးတစ်ချက်ထိုးထည့်လိုက်ပါသည်။ ညီမလေး သည်း ထိုအခါမှ အခန်းထဲက ထွက်လာကာ အမေ့ကိုဖက်ပြီး ငိုပါသည်။ အဖေက အကြည့်ကိုလွှဲထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်သည် ပြန်လည်၍ ဆို့ဆို့နင့်နင့် ဖြစ်လာပါသည်။ အိမ်ပေါ်မှ ပြေးဆင်းပြီး ကျွန်တော် လမ်းပေါ်လျှောက်သွားချင်မိပါသည်။ နောက်တော့ ထိုအတိုင်းပင် ပြုလုပ်မိပါသည်။

ခြေဦးတည့်ရာ လျှောက်သွားရင်း လမ်းဘေးတစ်နေရာတွင် ဖုန်းတစ်လုံးကို ဖျတ်ခနဲ တွေ့လိုက်ပါသည်။ ချက်ချင်းပဲ ကျွန်တော် အကြံတစ်ခုရမိကာ ...

"ဟယ်လို၊ မိုးမြင့်ကြယ်အဆောင်ကလား ... ကျွန်တော် ခရမ်းနုနဲ့ တွေ့ချင်လို့ပါ ... "

ခဏကြာတော့ ...

"ဟယ်လို ... "

"ဟယ်လို ... ခရမ်းနုလား ... "

"အင်း ... "

"ကျွန်တော်ပါ ... ထက်ပိုင်ပါ ... "

"အင်း ... ပြောလေ ... "

"ကျွန်တော် ခရမ်းနုနဲ့ တွေ့ချင်တယ် ... "

"ဘာဖြစ်လို့လဲ ... "

"ကျွန်တော် ခရမ်းနုကို စကားတွေ အများကြီး ပြောချင်တယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"အခုပြောလည်း ရတာပဲ ... "

"ဟင့်အင်း ... ဖုန်းထဲက မပြောချင်ဘူး ... "

"ခရမ်းနုကတော့ ကိုထက်ကို မတွေ့ချင်သေးဘူး"

"ဘာကြောင့်လဲ ခရမ်းနု ... "

"ကိုထက်မှာ ဘာအောင်မြင်မှုမှ မရှိသေးတာ ... "

"အောင်မြင်မှု ဟုတ်လား ... ဘာအောင်မြင်မှုလဲ ... "

"ကိုထက် ဆယ်တန်းမှ မအောင်သေးတာ ... "

"ခရမ်းကို ... ကျွန်တော် ခဏတဖြုတ် တွေ့ချင်တာ ဒီလောက်တောင် အရင်းအနှီးများလား ... "

"ဘာတစ်ခုမှ ခြေခြေမြစ်မြစ် အောင်မြင်မှုမရှိသေးတဲ့ လူတစ်ယောက်နဲ့ ခရမ်း အပြင်မသွားရဲဘူး ... "

"ဒါဆို ခရမ်း ကျွန်တော့်ကို ဘာဖြစ်လို့ အဖြေပေးသလဲ"

"ကိုထက်က ဂစ်တာတီးကောင်းတာကိုး ... "

"ကျွန်တော့်ကို တကယ်ချစ်လို့ မဟုတ်ဘူးပေါ့ ... "

"ဟာကွာ ... ဘာတွေမေးမှန်းလဲ မသိဘူး ... ဒီက အခုမှ စာမေးပွဲပြီးတဲ့ရက်မို့ နားနားနေနေနေဖို့ ကြံကာရှိသေးတယ်"

ကျွန်တော် ဖုန်းကို အသာချလိုက်ပါသည်။ ကျွန်တော့် လက်ချောင်းများသည် ဒေါသကြောင့် တုန်ယင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်သည် တစ်စုံတစ်ရာ၏ ပြုစားမှုကြောင့် ဖြောင်းဆန်နေပါသည် ...။ ကျွန်တော့်ခေါင်းထဲတွင် အာရုံတွေ ရှုပ်ထွေးနေပါသည်။

"အား ... "

လမ်းမပေါ် ကျွန်တော် ပြေးထွက်မိပါသည်။

"ဒီမယ် ... ဟော့ကောင်လေး ... ဖုန်းဖိုးပေးခဲ့ဦး ... "

ကျွန်တော် ဘာမှ မသိတော့ပါ။ ထက်ပိုင် လုပ်ပုံနဲ့ဆိုငါ တောင် ထမင်းနပ်မှန်မှာ မဟုတ်တော့ဘူး။ ဦးညွန့်မိုးအသံ။

"ခွပ် ... "

အမေ့ကို လက်သီးဖြင့် ထိုးလိုက်သော အဖေ။

"ဘာတစ်ခုမှ ခြေခြေမြစ်မြစ် အောင်မြင်မှုမရှိသေးတဲ့လူ"

အသံတွေ အရိပ်တွေ ယိမ်းထိုးမှောက်ခုံကျွမ်းစိုက်။

"အား ... ဘာတွေလဲ ဘာတွေလဲ ... "

"အား ... "

www.burmeseclassic.com

www.burmeseclassic.com



## စိတ္တဇအခန်း

နံပါတ်(၃)နဖူးပြင်ပေါ်မှ အုပ်မိုးထားသော သူ့လက်ကို ဖြည်းလေးစွာ ပြန်ရုပ်လိုက်သည်။ ထို့နောက် သက်ပြင်းမော တစ်ခုကို ချလိုက်မိပြန်သည်။

ယခုတော့ နံပါတ်(၃)သည် ခုတင်ပေါ်တွင် နှစ်ခြိုက်စွာ အိပ်မောကျနေပြီဖြစ်သည်။ ဖြစ်ပြီးခဲ့သမျှသော သူ့ဘဝနောက် ကြောင်း အားလုံးကို မေ့လျော့ကာ ရှုးသွပ်ခဲ့လေပြီ။ နံပါတ် (၃)အနေဖြင့် သည်နေရာကို ရောက်လာတာ (၃)နှစ်ပြည့်ကာ နီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်(၃)၏ မောပန်းဖွယ်အတိတ်သည် သည်နေရာ၌ဟို တစ်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။ နံပါတ်(၃)အနားမှ တိတ်တိတ်ဆိတ်ဆိတ်ပဲ သူ ထွက်လာခဲ့သည်။

သူက နံပါတ်(၃)ခုတင်၏ လက်ဝဲဘက်မှ လူဆီလျှောက်သွားလိုက်၏။ ထိုလူ၏ အသက်မှာ (၅၀)ကျော်လောက်တော့ရှိမည် ထင်ရပြီး သည်အခန်းထဲတွင် အသက်အားဖြင့် အကြီးဆုံးလူဖြစ်သည်။

ထိုလူကြီးသည် ... နဖူးပြောင်ကာ ထူထဲသော မျက်ခုံးမွေးအောက်မှ မျက်လုံးများက မှော်လင့်ချက်မဲ့နေသည့် အဘိုးအိုပေါက်စ တစ်ဦးအသွင် ဆောင်နေသည်။ နားရွက်များက အရွယ်အစားကြီးမားကာ သူ၏ဉာဏ်ပညာကြီးမားပုံကို ဖော်ပြနေ၏။

ထိုလူကြီးသည် တစ်ယောက်တည်း စကားတွေ တိုးတိုးပြောနေတာကို သူ မြင်နေရသည်။ စကားပြောရာတွင် အမူအရာလက်ဟန်ခြေဟန်တွေလည်းပါနေကာ တစ်ချိန်တုန်းက လူတွေကြားထဲတွင် လူတွေအပေါ် အတော်အတန်သြဇာကြီးခဲ့ဖူးကြောင်းလှစ်ဟပြနေသည့်အလား မှတ်ထင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးအနားသို့ သူ ရောက်သွားသောအခါ ... တစ်ယောက်တည်း စကားပြောခြင်းအလုပ် ရပ်သွားသည်။

"မင်းက ဘာလဲ ... ငါ့ဆီက ဘာယူဦးမလို့လဲ ... "

သူက ထိုလူကြီးကို ချိုသာစွာ ပြန်ပြုံးပြမိသည်။

"ကျွန်တော်က အကြားအမြင်ရနေတဲ့သူပါ ... "

'အကြားအမြင်' ဟု ထိုလူကြီးက သံယောင်လိုက်ရေရွတ်သည်။ နောက်တော့ စဉ်းစားရခက်သွားပုံမျိုး သူ့ခေါင်းကို သူ ပြန်ကုတ်နေသည်။

"အကြားအမြင် ... အကြားအမြင် ... အကြားအမြင်

www.burmeseclassic.com

www.burmeseclassic.com



ရွတ်နေရင်း ထိုလူကြီးမျက်နှာက ရုတ်ခြည်းပျော်ရွှင်သွားပြန်သည်။

"အကြားအမြင်ဆိုတာ ကြံသကာလား ... "

"ကျွန်တော် မသိဘူး ... "

"ငါက အချိုကြိုက်တတ်တယ်ကွ ... "

ပြုံးပျော်နေသော ထိုလူကြီး၏ နဖူးပြင်ပေါ်တွင် ... သူ့ညာဘက်လက်ဖနောင့်နှင့် အသာဖိစမ်းလိုက်သည်။ မရှု၊ ထိုလူကြီးက ငြိမ်ငြိမ်မနေ။

"ဘာလုပ်တာလဲကွ ... ကြံသကာလည်း မပေးဘူး"

"ကျွန်တော်က အကြားအမြင်ရနေတဲ့ သူပါ ... "

သည်တစ်ခါ ... သူပြောလိုက်တာကို ထိုလူကြီးက ဘယ်လို ကြားသွားသည်မသိ။ ငြိမ်နေပြန်သည်။ သူက ရလာသည့် အခွင့်အရေးကို လျှင်မြန်စွာပဲ အသုံးချလိုက်ပါသည်။

ထိုလူကြီး၏ နဖူးပြောင်ပြောင်ပေါ် ... ။

၁၀၈

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်(၁၆)

ဘဝအလေးအလံတွေက
ရင်ဝပေါ် တစ်သက်ချင်း ပြိုကျလာ
ဒိုင်ယာရီအပြာလေးထဲမှာ
အရိုးစုဖြစ်သွားတဲ့ မျှော်လင့်ခြင်းများ
လဲ
လျောင်း
အ
နေ
အ
ထား။

(ဒေါ်ရာရှခင်းများမှ ... )
(၂၀၀၁ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျုပ်ကို လူတွေက အတ္တကြီးတယ်လို့ ကွယ်ရာမှာ ပြောကြဆိုကြတာ ကျုပ် ကောင်းကောင်းသိတာပေါ့။ ဒါကလည်း ကျုပ်ရဲ့ ဖြစ်တည်လာမှုကို နားမလည်ကြလို့ ပြောကြတာပါ။ ပြောကြပါစေ ... ။ အဲသလိုပဲပေါ့။ သူတို့ပြောတဲ့အတိုင်း ကျုပ်ဟာ အတ္တကြီးတယ်ပဲ ထားပါတော့ ... ။

ဟုတ်တယ်။

ကျုပ်ဟာ အတ္တကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

"အမလေး ... တို့ယောက်ျားများ ဘယ်တုန်းကမှ မိန်းမကို ပိုက်ဆံအပ်တယ်ဆိုတာ မရှိဘူး ... "

အဲဒါ သူနဲ့ ရင်းနှီးတဲ့ ညှော်သည်တွေလာတိုင်း အမြဲပြောတတ်တဲ့ ကျုပ်မိန်းမရဲ့စကား။

သူ အဲသလိုပြောပေမဲ့ ကျုပ်ကတော့ ပြုံးပြုံးပါပဲ။ တကယ်လည်း ကျုပ်တို့လင်မယား စ,ညားကတည်းကနေ ခုထိ တစ်နေ့ဈေးဖိုးကလွဲရင် အပိုပေးရိုးထုံးစံ ကျုပ်မှာ မရှိခဲ့ဘူးလေ။

ကျုပ်တို့နှစ်ယောက်က အသက်သုံးနှစ်ကွာတယ်ဆိုပေမဲ့ ကျုပ်က ပိုနုတယ်ဗျ ... ဟဲ ... ဟဲ။ ကျုပ်တို့ လင်မယားအတွက်

www.burmeseclassic.com

www.burmeseclassic.com



အရာရာ အဆင်ပြေနေပါပြီ။ တစ်ခုပဲ ... ။ အဲဒါက ကျုပ်တို့ လင်မယားနှစ်ယောက်မှာ ကလေးမရတာဘဲ။ ခုဆို ကျုပ်မိန်းမ အသက်က သုံးဆယ့်တစ်၊ ကျုပ်က သုံးဆယ့်လေးရှိပြီ။ ဒီအချိန်ဆို ဘာပဲဖြစ်ဖြစ် ကလေးတစ်ယောက်လောက်တော့ မွေးနိုင်ပါသေးတယ်။ ဒါပေမဲ့ ... ခုထိတော့ ဘာကြောင့်မှန်း မသိဘူး။ ကလေး မရသေးဘူး။ ကျုပ်တို့ စ,ရ တော့ ကျုပ်မိန်းမက အသက်နှစ်ဆယ်။ ကျုပ်အသက်တော့ မပြောတော့ဘူး။

"ယုမွန် ... ကိုယ့်ကို ကလေးတွေ အများကြီး မွေးပေးနော် ... "

"ဟင် ... မောင်ကလည်း ... ကလေးအများကြီး ဘာလုပ်ရမှာလဲ ... နှစ်ယောက်လောက်ဆို တော်ရောပေါ့ ... "

"ဟာ ... နှစ်ယောက်နည်းတာပေါ့ ယုမွန်ရ ... "

"ကဲ ... မောင်က ဘယ်နှစ်ယောက်မွေးချင်လို့လဲ ... "

"(၂၂)ယောက် ... "

"အို ... ရှက်စရာကြီး ... "

"ကလေးမွေးတာပဲ ... ဘာရှက်စရာလိုမှာလဲ ယုမွန်ရဲ့ ကိုယ့်စရိတ်နဲ့ ကိုယ်မွေးတာပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"(၂၂)ယောက်တောင်မှ ... မောင်က ... ဘာလုပ်မှာမို့ အဲသလောက် မွေးခိုင်းရတာလဲ ... "

"ဟ ... အဲဒါမှပေါ့ ယုမွန်ရ ... ဘောလုံးနှစ်သင်းစာလေ၊ ယောက်ျားလေးတစ်သင်း၊ မိန်းကလေးတစ်သင်း၊ အချိန်ပိုရောက်ရင် ဖေကြီးကိုယ်တိုင် လူစားဝင်ကန်ဦးမှာ ... "

"မောင်က သိပ်ရယ်ရတာပဲ ... ခစ် ... ခစ် ... ခစ်"

ကျုပ်တို့ ရကာစက ပြောခဲ့တဲ့ စကားတွေကို ... ကျုပ် ပြန်ကြားယောင်မိတယ်။ ကလေးမရှိတဲ့ အိမ်ထောင်သည်ဘဝဟာ ဘယ်လောက် ခြောက်ကပ်ကပ်နိုင်တယ်ဆိုတာ ... ကျုပ်တို့လင် မယားနှစ်ယောက် အသိဆုံးပဲ။

ဒါကြောင့်ပဲ ထင်ပါရဲ့။ နဂိုကတည်းက မိန်းမအပေါ် နိုင် ချင်ခဲ့တဲ့ ကျုပ်ကို မိန်းမက အစစအရာရာ အလျှော့ပေးရှာပါတယ်။ ကျုပ်ကသာ မိန်းမကိုသာမက ညီအစ်ကိုမောင်နှမ၊ အပေါင်း အသင်းပါ မကျန်အောင် ... ကျုပ်စိတ်နဲ့ မတွေ့ရင် မတွေ့သလို ဆက်ဆံပစ်လိုက်တာပဲ။

ကျုပ်က ကျုပ် မှန်တယ်ထင်တာ လုပ်တာပဲ။ ဒါကိုမှ တစ်စုံတစ်ယောက်က တစ်ခုခု ကန့်လန့်တိုက်လာပြီဆိုရင် ... အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



သူကို တစ်နည်းနည်းနဲ့ ကျူပ် ဆုံးမလိုက်တာပဲ။ ဆုံးမတာမှ အဲဒီ သူ နောက်ထပ် နလန်ပြန်မထူနိုင်အောင်ကို ဆုံးမပစ်တာ။ ပြီး တော့ ... ကျူပ်ဟာ အဲသလို ဖြေရှင်းလိုက်ရမှ နေသာထိုင်သာ ရှိသွားတယ်။ နို့မို့ဆို ကျူပ်ဟာ နေမထိထိုင်မသာနဲ့ မျောက်မီးခဲ ကိုင်ထားရသလိုကိုဖြစ်လို့ ... ။

www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျုပ် ခြောက်တန်းတုန်းက ကျုပ်တို့အရွယ်တူတွေ စုဖွဲ့ထားတဲ့ ဘောလုံးအသင်းရှိတယ်။ ကျုပ်က ... အစတုန်းက ဘောလုံးမကန်ဘူး။ အဲဒီအဖွဲ့ထဲက သူငယ်ချင်းတစ်ယောက်က ကျုပ်နဲ့ တော်တော်ခင်တယ်။ ပြောရရင် သူ့ကြောင့်ပဲ ဘောလုံးအသင်းထဲမှာ ကျုပ် ပါရတယ်ဆိုပါတော့ ... ။

"ဟော့ ... မနက်ဖြန် ချိန်းပွဲရှိတယ်ဟော့ ... အားလုံး ကွင်းထဲကို မနက်ခုနစ်နာရီ ရောက်အောင်လာကြ ... နောက်ကျတဲ့ကောင် မကန်ရဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးအသင်းက ကလေးအသင်းဆိုတော့ ... ခြောက်ယောက်ဆိုရင် လူပြည့်ပါပြီ။ ဒါပေမဲ့ ကျုပ်တို့အသင်းမှာ လူကပုံမှန်ကန်တဲ့လူကိုပဲ ကိုးယောက်လောက်ရှိတယ်။ လာကန်လိုက်မကာန်လိုက် လုပ်နေတဲ့ကောင်တွေက လေးယောက်လောက် ရှိတယ်။ အဲဒါကြောင့် ချိန်းတဲ့အချိန် ကွင်းထဲရောက်ဖို့ အရေးကြီးတယ်။

"လင်းလင်းရှိလား ... "

နောက်တစ်နေ့ မနက်ရောက်တော့ ဘောလုံးကွင်းနဲ့အနီးဆုံးဖြစ်တဲ့ ကျုပ်အိမ်ကို ကျုပ်တို့အသင်းက ကောင်သုံးကောင်ရောက်လာတယ်။ သူတို့ပြောကြတာက ... လူမစုံလို့ ကျုပ်ကနောက်ကျနေလို့ လာခေါ်တယ်ဆိုပဲ။ အဲဒီထဲ ကျုပ်နဲ့ ခင်မင်တဲ့သူငယ်ချင်းတော့ မပါဘူး။

ဒီလိုနဲ့ ... ကွင်းထဲရောက်တော့ နောက်ရောက်လာတဲ့ကောင်နှစ်ကောင်နဲ့ပါဆိုရင် ကျုပ်တို့အသင်း ခြောက်ယောက်ပြည့်နေပြီ။ ဖြစ်ချင်တော့ တစ်ဘက်အသင်းကလည်း ဒီလောက်လူတွေ အများကြီး ပါလာတာတောင် မကန်သေးဘူး။ သူတို့လူထပ်စောင့်နေသေးတယ်။ ပုံစံကြည့်ရတာ အားကိုးရမဲ့ကောင်ရောက်မလာသေးလို့နဲ့ တူပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့လည်း နှစ်သင်းစလုံး လူစုံတက်စုံနဲ့ စ,ကန်ကြပါတော့တယ်။ ကျုပ်တို့အသင်းက ပထမပိုင်းမပြီးခင်မှာကိုပဲ သုံးဂိုးပြတ်နဲ့ ဦးဆောင်နေပါတယ်။ ကျုပ်ကတော့ ကွင်းဘေးကနေ ကွင်းအထဲကကောင်တွေကို အတိုင်းသားငေးလို့ပေါ့ ... ။ ဒီလိုလေ။ ပွဲစတော့ ကျုပ်ကို ချန်ထားပြီး နောက်ထပ်ရောက်လာတဲ့ ကောင်တွေထဲက ဆရာကြီးလိုလို ဘာလိုလို ကောင်တွေကိုခေါ်ပြီး ကန်ကြတာပါ။ အဲဒီနေ့က ကျုပ်တို့ အပြတ်အသတ်နိုင်ပါတယ်။ ကျုပ်ကတော့ တစ်ပွဲလုံး မကန်လိုက်ရပါဘူး။ ကွင်းဘေးမှာ ငုတ်တုတ်။

၂၈-၈

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က အလကားနေရင်း မကျေမနပ်ဖြစ်နေတဲ့ ကောင်ငယ်လေးတစ်ယောက် မဟုတ်ပါဘူး။ လောကအကြောင်းကိုလည်း အဲဒီတုန်းက လုံးလုံးနားမလည်သေးတဲ့ အရွယ်ပါ။ တကယ်တော့ ဒီကောင်တွေကကို လွန်လွန်းတာပါ။

နောက်ထပ်ချိန်းပွဲတွေ ကစားတိုင်း ဒီကောင်တွေ ကျုပ်ကို အမြဲတမ်းအစောဆုံး လာခေါ်တယ်။ ပြီးရင် တစ်စက်လေးတစ်တို့လေးတောင် ဘောလုံးကို မထိလိုက်ရဘဲ ကွင်းပြင်မှာ အရုပ်တစ်ရုပ်လိုနေစေတယ်။ ကျုပ်ဘက်မှာ ဘယ်ကောင်မှ မပါဘူး။ လာခေါ်တဲ့ ကောင်တွေကလည်း ကန်နေတဲ့အချိန်ဆို ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို သူတို့ရဲ့ အဘိုးရဲ့ အဘိုး သေသွားတာ နှစ်ကာလကြာလို့ မေ့လျော့ပုံမျိုး မေ့လျော့ထားကြလို့ ... ။

တစ်ပွဲလည်းမဟုတ် ... ။ နှစ်ပွဲလည်းမဟုတ် ... ။ မဖြစ်ချေဘူးဆိုပြီး ကျုပ်လည်း နောက်လာမဲ့ ချိန်နှုံးပွဲတစ်ပွဲအရောက်ကို ငြိမ်ပြီးစောင့်တယ်။ အဲဒီအခါကျရင် ... ကျုပ် တစ်ခုခုဆုံးဖြတ်ဆိုတဲ့ အကြံနဲ့ပေ့ါလေ ... ။

လာပါပြီ။

"လင်းလင်းရေ ... ဒီနေ့ မင်းကို ငါတို့ တကယ်ထည့်ကန်မှာပါ ... လာပါကွာ ... ငါတို့ဘက်မှာ လူမစုံလို့ပါ ... "

တော်တော် တတ်လည်း တတ်နိုင်တဲ့ကောင်တွေပဲ။ လုံးဝ မရှက်တတ်ဘူး။ ကျုပ်ကတော့ အရင့်အရင်အခါတွေထက်တောင် သွက်သွက်လက်လက် ထလိုက်ခဲ့ပါတယ်။ ဘာမှတော့ ဒီကောင်တွေကို ပြောမနေဘူး။

ဟိုရောက်တော့ ထင်တဲ့အတိုင်းပါပဲ။ ကျုပ် ထိုင်ကြည့်နေကျ ကွင်းပြင်နေရာလေးမှာ ကျုပ်ထိုင်ရတာပဲ။ ဘောလုံးပွဲကလည်း ထုံးစံအတိုင်း ဂိုးပြတ်နဲ့ ပထမပိုင်းပြီးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကွင်းလယ်မှာ ရေဘူးကို မော့သောက်နေတဲ့ ... ကျုပ်ရဲ့ ဒီဘောလုံးအသင်းက အခင်မင်ရဆုံး ကျုပ်သူငယ်ချင်း မိတ်ဆွေကြီးထံ ကျုပ် တန်းသွားတယ်။ ဒီကောင့်ကြောင့်သာ ကျုပ် ဒီဘောလုံးအသင်းမှာ ဝင်ကန်မိတာ မဟုတ်လား။ ကိုယ့်လူရင်းကိုပဲ ကိုယ်ပြောရမှာပေါ့။ ပထမပိုင်းတစ်ပိုင်းလုံးကို စိတ်ပျက်ဖွယ် အသာစီးက ကစားခဲ့ရတာကြောင့် ဒီမိတ်ဆွေကြီးက ကျုပ်ကို ဒုတိယပိုင်းတစ်ပိုင်းတော့ ခင်မင်ခဲ့တာတွေထောက်ထားပြီး ပေးကစားလိမ့်မယ် အထင်နဲ့လေ။

"ဘာ ... မင်းကန်ချင်လို့ ဟုတ်လား ... ဟေ့ကောင် သူဆိုတာ ကိုယ့်အဆင့် ကိုယ်သိရတယ်ကွ ... "

ကျုပ် ပြာသွားသည်။ ကျုပ်နားကိုတောင် ကျုပ် မယုံဘူး။ အဲဒီတုန်းက အဖြစ်အပျက်ဟာ ဒီကမ္ဘာမြေပေါ်မှာ ဖြစ်ပျက်ခဲ့တာမှ ဟုတ်ရဲ့လား။ တခြားဂြိုဟ် တစ်ခုပေါ်မှာလားလို့တောင် ကျုပ် သံသယဝင်မိပါရဲ့။

"ဟေ့ကောင် ငရဲ ... မင်းစကား မင်းမြဲမြဲမှတ်ထားနော်"

ကျုပ်ရဲ့ ချစ်လှစွာသော မိတ်ဆွေကြီးကို အဲသလို ပြော

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး ကျုပ် အိမ်ကိုပြန်လာခဲ့တယ်။ ကျုပ် ဒီကောင့်ကို တစ်နည်းနည်းနဲ့ လက်စားချေမှ ဖြစ်တော့မယ်။ ဒီကောင်တင် မဟုတ်ဘဲ ဒီတစ်သင်းလုံးကို လက်စားချေရမယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့နောက်ပိုင်း ... ကျုပ် ဒီကောင်တွေအသင်းမှာ ဘောလုံး သွားမကန်တော့ဘူး။ ကျုပ် အိမ်နီးနားချင်းက ရှိသမျှ ဘောလုံးကန်လို့ရတဲ့ ကောင်မှန်သမျှ ကျုပ် လိုက်စည်းရုံးတော့ တာပဲ။ ပြီးတော့ ချိန်းပွဲတွေကို ကျုပ် ဦးစီးပြီးကန်တယ်။

နောက်ဆုံး ကျေနပ်လောက်တဲ့ အဆင့်ရောက်တော့ ကျုပ်အသင်းကို ကျုပ်ရဲ့ချစ်သော မိတ်ဆွေကြီးအသင်းနဲ့ ချိန်းပြီး ကန်တယ်။

အဲဒီပွဲအကြောင်းလား။ ဟား ... ဟား ... ဘာပြော ကောင်းလိမ့်မလဲ ... ကျုပ်တို့ ကလေးပွဲဆိုတာ ဒိုင်ပါတာ မဟုတ် ဘူးလေ။ ပွဲပြီးတော့ ကျုပ်တို့အသင်းနိုင်တယ်။ ကျုပ်မိတ်ဆွေကြီး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူ့အသင်းသားနှစ်ယောက်တော့ ကျုပ်ကြမ်းတာနဲ့ တွေ့ပြီး ကွင်းထဲမှာတောင် နှစ်ခါလောက် မှောက်ကုန်တာပေါ့။ နောက်ပိုင်း ... ဒီကောင်တွေ တစ်သင်းလုံး ကျုပ်က လမ်းမှာတွေ့ရင်တောင် အရင်ဆုံး ပြုံးပြလိုက်တာပါပဲ။ အပြုံးချိုချိုလေးပေါ့။

✦✦

www.burmeseclassic.com

www.burmeseclassic.com



## (၄)

ကျုပ် လူပျိုပေါက်ရောက်တော့ ရည်းစားတစ်ယောက် ရတယ်။ တကယ်တော့ လူပျိုတစ်ယောက်အနေနဲ့ ရည်းစားရတယ်ဆိုတာ ဆိပ်မလွယ်သလို သိပ်လည်းခက်ခဲတဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါပေမဲ့ ... ထူးဆန်းတာက အဲဒီရည်းစားက ကျုပ်ထက် (၁၀)နှစ်တိတိ ကြီးနေတာပဲ။ မမကြီးပေါ့။

မမကြီးက ကျုပ်အပေါ် အတော်ကလေး ကြင်နာပါတယ်။ အသက်က ကွာတယ်မဟုတ်လား။ ကျုပ်ကလည်း ကျုပ်ရဲ့ ရည်းစားဦးဖြစ်တဲ့ မမကြီးအပေါ် တုန်နေအောင် ချစ်ခဲ့ပါရဲ့။ ကျုပ်ရှိသမျှအချစ်နဲ့ ဆိုင်သမျှအားလုံး မမကြီးအတွက်ဆိုပြီး ရည်မှန်းထားတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက မမကြီးက ဘယ်လိုနေမယ် မသိဘူး။ ကျုပ်ကတော့ မမကြီးကို ချစ်တဲ့စိတ်နဲ့ လက်ကလေးကိုင်လိုက်၊ ပါးကလေး နဖူးကလေးနမ်းလိုက်နဲ့ အတော်ပျော်နေခဲ့တာပေါ့ ...။ ဒါပေမဲ့ မမကြီးနဲ့ ရည်းစားသက်တမ်းတစ်လျှောက်လုံး မမကြီး နှုတ်ခမ်းကို ယောင်လို့တောင် မနမ်းခဲ့ပါဘူး။ မကောင်းတဲ့စိတ်တွေ ပေါ်လာတိုင်း ကျုပ် ကြိုးစားပြီး ဖျောက်ခဲ့တာချည်းပဲလေ။ မမကြီးအဖို့တော့ ဒါဟာ သိပ် ဆန်းကြယ်နေနိုင်တယ်။ ဘာကြောင့်ဆို ... မမကြီးမှာ အရင်က သူနဲ့ ရွယ်တူ ရည်းစားတစ်ယောက် ကျုပ်အရင် ရှိခဲ့ဖူးတယ်လေ။ ကျုပ် ပြောရဲတယ်။ အဲဒီရည်းစားက မမကြီးကို ကျုပ်လိုချစ်မှာ မဟုတ်ဘူး။ နောက်ထပ် ကျုပ်ပြောရဲသေးတာက မမကြီးရဲ့ နှုတ်ခမ်းကိုလည်း အဲဒီရည်းစားက နမ်းခဲ့ဦးမှာပဲ။ အဲဒီထက်တောင် ပိုရင်ပိုနေဦးမယ်။ ထားပါလေ။ ကျုပ်အနေနဲ့ မမကြီးကိုချစ်တာ အဲဒါတွေကြောင့် မဟုတ်ဘူး။ ချစ်ကိုချစ်တာ။ ချစ်ရုံသက်သက် ချစ်တာ။ ကျန်တာ ဘာတစ်ခုမှ ကျုပ်အတွက် မလိုဘူး။ ကျုပ်ဟာ မမကြီးအတွက် ဖြူစင်တဲ့ ရည်းစားငယ်လေးတစ်ယောက်အဖြစ် မမကြီးဘဝမှာ ရှင်းသန့်ကျန်ရစ်စေချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက် ရိုးသားရှုးသွပ်တဲ့ အချစ်တွေနဲ့ ကျုပ်ကို မမကြီး လှည့်စားသွားခဲ့တယ်။ မမကြီးက ကျုပ်ကို ဖြတ်ပစ်မယ် ပြောတိုင်း ကျုပ်မှာ အဆွေးသီချင်းလေးဖွင့်ပြီး မျက်ရည်တွေတွေ ကျရတော့တာပဲ။ မရှက်တမ်းပြောရရင် မမကြီးကြောင့် ကျုပ် ဆယ်ကြိမ်ထက်မနည်း ငိုခဲ့ရတယ်။ အဲဒီထဲက သုံးကြိမ်က တကယ့် အရူးကြီးတစ်ယောက်လို စိတ်လွတ်ကိုယ်လွတ် ငိုခဲ့ရတာ။ နှလုံး သားကလည်း နုသေးတယ် မဟုတ်လား။

"လင်းလင်း ... မင်း မမကြီးကို ဘဲတစ်ဖွဲ့နဲ့ မြို့ထဲက အအေးဆိုင်မှာ တွေ့တယ် ..."

"လင်းလင်း ... မမကြီးက မင်းနဲ့ ပြတ်သွားပြီလား"

"... ..."

"မသိဘူးကွာ ... ငါ သူ့ကို လူတစ်ယောက်နဲ့ ခဏခဏ တွေ့နေလို့ ..."

"လင်းလင်း ... မင်းမမကြီးက ဟုတ်သေးရဲ့လား ဟေ့ ကောင် ..."

"... ..."

ကျုပ်နားထဲကို မမကြီးနဲ့ ပတ်သက်တဲ့ အသံတွေနေရာ

www.burmeseclassic.com

www.burmeseclassic.com



စုံကနေ ပစ်ဝင်လာတယ်။ ကောင်းတာ တစ်ခုမှမပါဘူး ... ။ မမ ကြီးက ကျုပ်ကို ဖြတ်မယ်တကဲကဲ လုပ်နေတာ။ ဒါကြောင့်မှန်း ကျုပ် အသိနောက်ကျတယ်။ မဖြတ်နိုင်တာက ကျုပ်က သူ့ကို သွားငိုယိုပြနေတာကြောင့်ပဲလေ။

ဒီလိုနဲ့ မမကြီးတို့စုံတွဲကို ကျုပ်ကိုယ်တိုင်ကိုယ်ကျ မြင်ရ ချိန်ကို ရောက်လာခဲ့တယ်။ ကျုပ်နှလုံးသားဟာ အဲဒီမှာတင် သေ သွားတယ်။ ကျုပ်မျက်လုံးထဲမှာ မမကြီးကို မမကြီးလို့ မမြင်ဘူး။ ကျုပ်ငယ်ငယ်က အဖေနဲ့အတူ ကြည့်ခဲ့ရတဲ့ ရုပ်ရှင်ထဲက သွေးစုပ် ဖုတ်ကောင်မကြီးကိုပဲ မြင်နေမိတယ်။

ကျုပ် အိမ်ထဲမှာပဲ အခန်းအောင်းနေလိုက်တယ်။ ဘယ် ကိုမှ မသွားဘူး။ ကျောင်းနဲ့ အိမ်ပဲ။ နှစ်လလောက်ရှိတော့ ကျုပ် အိမ်ကို မမကြီး ရောက်လာတယ်။ ကျုပ်တို့အိမ်ကကျယ်တော့ အိမ်နောက်က ကျုပ် စာထိုင်ကျက်တဲ့ ယူကလစ်ပင်ကြီး နှစ်ပင် အောက်မှာ ကျုပ်နဲ့ မမကြီးတို့ စကားပြောကြတယ်။

"လင်း ... မမကြီးဆီ ဘာလို့မလာတော့တာလဲ ... "

"ဖြန်း ... "

"ဟင် ... လင်း ... မင်း ... "

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ဘာမှမပြောဘူး။ အိမ်ထဲ လှည့်ဝင်သွားလိုက်တယ်။ မမကြီးကတော့ နီဆွတ်သွားတဲ့ သူ့ဘယ်ဘက်ပါးပြင်ကို ပွတ်ရင်း ကျန်ခဲ့တယ်။ မျက်ရည်တွေ ဘာတွေ ကျနေမလားဆိုတာ ကျုပ် ပြန်လှည့်မကြည့်တော့လို့ မသိခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



၉

နောက်ပိုင်း ကျုပ်တို့မြို့မှာ ကျုပ်ဟာ ရှုပ်တယ်။ မွေတယ် ဆိုတဲ့နာမည် ထွက်လာတယ်။ အမှန်တကယ်လည်း ကျုပ်ဟာ ရှုပ်တယ်။ မွေတယ်။ ပြီးတော့ ရက်စက်တယ်။

ကျုပ်အတွက်တော့ မိန်းမတွေဟာ ဒီအပင်ကသီးတဲ့ ဒီအသီးတွေပဲ။ ဒီအသီးတွေကို ဒီလိုပဲ ခူးဆွတ်ရမယ်ဆိုတဲ့ အတွေးဆိုးတွေနဲ့ ကျုပ်ရဲ့လူငယ်ဘဝ အချစ်ရေးဟာ ပေလူးညစ်ထေးမှုတွေ များပြားခဲ့ရတယ်။ ရလဒ်ကတော့ ကျုပ်ဟာ မိန်းမတွေအပေါ် အကောင်းမမြင်နိုင်တော့ဘူး။ အဲဒါကြောင့် ကောင်းမွန်တဲ့ မိန်းကလေးတွေနဲ့လည်း ကျုပ် မဆုံရတော့ဘူး။

တစ်မြို့လုံးက မိန်းမကောင်းမှန်သမျှဟာ ... ကျုပ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



လက်ရှောင်ပြီးသွားပဲ။ အဲဒီလိုဖြစ်လေ ကျုပ် မိန်းမတွေကို ပို ကြောက်လာလေပဲ။

နောက်ဆုံးတော့ ကျုပ်ဟာ ဘယ်မိန်းမနဲ့မှ မဆက်သွယ်တော့ဘဲ နေပစ်တယ်။ ကျုပ် တော်တော်မိန်းမတွေကို ကြောက်နေခဲ့ပြီ။ ဒါပေမဲ့ ကျုပ်မျက်နှာပေါ်မှာ အပြုံးကတော့ ပျောက်မသွားခဲ့ဘူး။ အပြုံးချိုချိုလေး။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com



(၅)

ကျုပ်က လူတစ်ယောက်ကို တော်ရုံတန်ရုံနဲ့ မခင်မင်တတ်ဘူး။ ဆိုလိုတာက မေးထူးခေါ်ပြောထက် မပိုဘူးပေါ့။ အဲ ... နို့ပေမဲ့ ခင်မိပြီဆိုရင်လည်း အဲဒီလူတစ်ယောက်အပေါ် တွယ်တွယ်တာတာနဲ့ကို ခင်ပစ်လိုက်တာပဲ။ ဒါကတော့ ကျုပ်ဟာ အဖေဘက်က ပါတဲ့သွေး ဖြစ်မယ်ထင်တယ်။ ကျုပ်အဖေရဲ့ အမေ၊ ကျုပ်အဘွားဟာ ဘယ်လောက်ပြတ်သလဲဆိုရင် သူစိမ်းတစ်ယောက်နဲ့ သူသိတဲ့လူနဲ့ ရန်ဖြစ်ရင် အဘွားက မှားမှားမှန်မှန် အသိဘက်ကလိုက်တယ်။ နောက်တစ်ခါ အသိနဲ့ ဆွေမျိုးမကင်းတဲ့သူ ရန်ဖြစ်ပြန်ရင် အဘွားက ဆွေမျိုးဘက်က မှားမှားမှန်မှန်ပါတာပဲ။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံး သူ့တူနဲ့ သူ့သားနဲ့ ရန်ဖြစ်ရင် အဘွားက သူ့သားဘက်က အပြတ်ပါလိုက်တယ်။ ကျုပ်အဘွားရဲ့ သီအိုရီက အဲဒီလို မှတ်သားလောက်တာ။

ကျုပ်ကတော့ အဘွားသွေးပါပေမဲ့ အမှန်တရားဘက်ကပဲ လိုက်ပါတယ်။ ဒါကလည်း ကျုပ်မှန်တယ်ထင်တဲ့ တရားလေ။ အမြဲတော့လည်း ဘယ်မှန်ပါ့မလဲ။

***

www.burmeseclassic.com

www.burmeseclassic.com



၈

ကျုပ်မိန်းမက အိမ်မှာ စတိုးဆိုင်တစ်ဆိုင် ဖွင့်ထားတယ်။ အချိန်တန်လို့ရှိရင် အဲဒီကရသမျှ ကျုပ် ထိန်းချုပ်စီမံတာပဲ။ အဲဒီလိုမှ မလုပ်ရင် မိန်းမဘက်က အမျိုးတွေက မလွယ်ဘူး။ ကလေးမရှိတဲ့အိမ်ဆိုတော့ ကျုပ်တို့အိမ်မှာ ကျုပ်မိန်းမအမျိုးတွေက တစ်ယောက်မဟုတ် တစ်ယောက်တော့ ရှိနေတတ်တာပဲ။ ဒါပေမဲ့ သူတို့အားလုံး ကျုပ်ကိုတော့ ကြောက်ကြလေရဲ့။

ကျုပ်ကတော့ ကျုပ်ဝသီအတိုင်း ခပ်တည်တည်နေလေ့ရှိတယ်။ ဒါကပဲ သူတို့အနေနဲ့ (မိန်းမဘက်က အမျိုးတွေ) ကျုပ်ကို ခပ်ရှိန်ရှိန် ခပ်တန်းတန်း ဖြစ်စေတယ်ထင်တယ်။ အဲ့ဒီတကယ် တော့လည်း ကျုပ်မိန်းမဟာ ကျုပ်အပေါ် ကောင်းရှာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်အနေနဲ့ လူပျိုလူလွတ်ဘဝအစမှာ ပွေပွေရှုပ်ရှုပ်နေခဲ့ပေမဲ့ ကျုပ်မိန်းမက ဘယ်တော့မှ ဖြစ်ပြီးခဲ့တာတွေကို ချေးခြောက် ရေနှုးတတ်တဲ့ မိန်းမစားမျိုး မဟုတ်တာ ကျုပ်အတွက် ကံကောင်း တယ်လို့ ဆိုရမယ်။

တစ်ခါတလေ ကျုပ်မိန်းမကိုကြည့်ရင်း အတွေးတစ်ခု ဝင်မိတယ်။ အဲဒီအတွေးက ဩော် ... ဘုရားသခင်က ငါ့မိန်းမ အတွက် ကလေးတစ်ယောက်လောက်ကို ကောင်းကင်ဘုံကနေ ပစ်ချပေးရင် သိပ်ကောင်းမှာပဲလို့ပေါ့။

"ကိုလင်းအောင် ... ရှင် ကျွန်မကို ဘာစိုက်ကြည့်နေတာ လဲ ... "

တစ်ရက်သား ကျုပ် အဲဒီလိုတွေးနေတုန်း ဖြုန်းဆို ကျုပ် မိန်းမရဲ့ အသံစူးစူးကြားရတော့မှ ကျုပ်လည်း အတွေးရပ်တော့ တယ်။

"ကိုလင်း ... ရှင် အိပ်ရာထပြီးကတည်းက မျက်နှာကော သစ်ပြီးသေးရဲ့လား ... "

အံမယ် ... သူ့ကို စိုက်ကြည့်နေတာ တွေ့သွားတော့ ကျုပ်နဲ့ အိမ်ထောင်သက် ဆယ်နှစ်ကျော်တာတောင် ... အခု ကျုပ်မိန်းမရဲ့ မျက်နှာပေါ်မှာ အရှက်တွေ ဘာတွေကိုဖြစ်လို့ ...။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုအရင်တုန်းကလို ... ယုမွှန်ပဲ ကိုယ့်ကို မျက်နှာသစ်ပေးလေ ... "

ဒါနဲ့ပဲ ကျုပ်လည်း ကျုပ်မိန်းမကို ပြန်နောက်ပိုး လုပ်မိလိုက်တယ်။

"အမလေးတော် ... တကတည်းခုမှ ငယ်မူမပြန်ချင်နဲ့တော့ ကိုလင်းအောင် ... "

"ငယ်မူပြန်ရအောင် ... ငါတို့အသက်က အဲဒီလောက်လည်း မကြီးသေးပါဘူး မိန်းမရာ ... "

"ကဲပါ ... ခုလည်း အသက်တွေက ငယ်တော့တာမှမဟုတ်တာ ... ရှင် မြန်မြန်လုပ် ... ပြီးရင် ဘယ်တုန်းကမှ အလှူမလုပ်ဘူးတဲ့ ကိုဝင်းလွင်ဦးတို့ လင်မယားရဲ့ အိမ်သစ်တက်ပွဲကိုသွား ... အဲဒါပြီးမှ ရှင့်အလုပ်ကိုသွား ... "

"ဟ ... ဝင်းလွင်ဦးတို့ အလှူလား ... မင်းရော မလိုက်ဘူးလား မိန်းမရ ... "

"ကျွန်မ ဆိုင်ဖွင့်ရဦးမယ် ... ဒီနေ့ ကျွန်မညီမ စိုးစိုးလည်းလာမယ်ပြောတယ် ... သူ့ကို စောင့်ရဦးမှာနဲ့ ဘာနဲ့ မအားသေးဘူးရှင့်၊ ဒီအလှူတော့ ရှင်ပဲ သွားလိုက်ပါနော် ... "

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... ငါတို့မိသားစုမှာ ကလေးတစ်ယောက်သာ ရှိခဲ့ရင် ဒါမျိုးဖြစ်မှာ မဟုတ်ဘူး ..."

"ဘာဆိုင်လို့လဲရှင် ..."

"ရော် ... ခက်ပြီ ... မင်းအတွက် ကူဖော်လောင်ဖက်ရတာပေါ့ကွ ..."

"အင်း ... ရှင်ပြောတော့လည်း ဟုတ်သလိုလိုပဲနော်"

ကျုပ်စကားကြောင့် ကျုပ်မိန်းမလည်း ဘာတွေ တွေးမိသလဲ မသိဘူး ငြိမ်သွားတယ်။ ကိစ္စတွေပြီးတော့ ... ကျုပ်လည်း ဖိုကောင် ဝင်းလွင်ဦးရဲ့ အိမ်တက်အလှူကို ထွက်လာခဲ့လိုက်တော့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com



အလှူအိမ်ကိုရောက်တော့ အလှူရှင်နဲ့ နှုတ်ဆက်စကား လေး ဘာလေးပြောပြီး နီးရာစားပွဲဝိုင်းတစ်ဝိုင်းမှာ ကျုပ် ဝင်ထိုင် လိုက်တယ်။

"ဩော် ... ကိုလင်းလင်းအောင်တောင် ခုမှ ရောက် တာပဲ၊ ဒါ့ဆို ကျွန်တော်လည်း သိပ်နောက်မကျသေးပါဘူး ..."

ပြောပြောဆိုဆို ကျုပ်ဘေးနားကို အဲဒီသူ ဝင်ထိုင်လာ တယ်။ ကျုပ် ကြည့်လိုက်တော့ ကျုပ်တို့ ရပ်ကွက်ထဲက ရေခဲ သေတ္တာတို့ အဲယားကွန်းတို့ ပြုပြင်ရောင်းဝယ်ရေးလုပ်တဲ့ ကိုမြ အောင်ကျော်။

"ဟုတ်တယ်ဗျာ ... ကျုပ်လည်း အခုမှရောက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကိုမြအောင်ကျော်ကို အလိုက်သင့် ပြန်ပြောလိုက်တယ်။ တကယ်တော့ ဒီလူနဲ့ ကျုပ်က သိပ်ခင်မင်လှတယ် မဟုတ်ပါဘူး။ တစ်ရပ်ကွက်ထဲနေကြတဲ့ သူတွေဆိုတော့လည်း မျက်မှန်းတန်းမိပြီး အပေါ်ယံလောက်တော့ ခေါ်ခေါ်ပြောပြောရှိခဲ့ရုံပါပဲ။

"ဘယ်လိုလဲ ကိုလင်းအောင် ... ခင်ဗျား ဝပ်ရှော့ရော လုပ်ရကိုင်ရတာ အဆင်ပြေရဲ့လား ..."

"အင်း ... မဆိုးပါဘူးဗျာ ... ဒီလိုပါပဲ ... "

ကျုပ်တို့နှစ်ယောက် အဲဒီလိုစကားပြောနေတုန်း ကျုပ်တို့ရှေ့ကို အလှူထမင်း အလှူဟင်းတွေ လာချပေးကြတယ်။

"အားပါး ... ဝက်သားတုံးတွေက တယ်ကြီးတာပဲ"

ကိုမြအောင်ကျော်က ... အဲဒီလိုပြောရင်းနဲ့ ကျုပ်ကို တစ်ချက် လှမ်းကြည့်တယ်။ ပြီးမှ ...

"ကျွန်တော်က ဝက်သားဆို အဆီကောင်းကောင်းမှ ကြိုက်တာဗျ ... ခုတော့ ဒီဟင်းပွဲနဲ့ ကျွန်တော်နဲ့ တွေ့ပြီပေါ့ဗျာ"

ဆိုပြီး စူဇကာပုဏ္ဏားလေသံနဲ့ ပြောလိုက်ရော ကျုပ်စိတ်ထဲမှာ သူ့ကို နည်းနည်းချဉ်တဲ့စိတ် ဝင်လာတယ်။

လူဆိုတာလည်း အင်မတန် သိရခက်တယ် မဟုတ်လား။ မမေးနဲ့ဆိုတာကိုမှ သိချင်တယ်။ မပြောပါနဲ့ ဆိုတဲ့အကြောင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောချင်တယ်။ ကျုပ်လည်း ဒီလိုပါပဲ။ အဲဒီနေ့က အလှူပွဲမှာ ကိုမြအောင်ကျော် ကြိုက်တယ်ဆိုတဲ့ အဆီတုံးဝင်းဝင်းကြီးတွေ ကိုပဲ ကျုပ် ရွေးစားပစ်လိုက်တယ်။ အဲဒီလူတော့ ဘယ်လိုနေမယ် မသိဘူး။

ဒီလိုနဲ့ ... စားလို့သောက်လို့ ပြီးတော့ ကိုမြအောင် ကျော်က ကျုပ်ကို ပြုံးဖြီးဖြီးကြီးကြည့်ပြီး ...

"ခင်ဗျားက ... တော်တော်လည်လည်ဝယ်ဝယ်ရှိတာပဲ ကိုလင်းလင်းအောင် ... "

သူ့စကားကြောင့် ကျုပ်လည်း ခဏကြောင်သွားတယ်။

"ဘာဖြစ်လို့လဲ ကိုမြအောင်ကျော် ... "

"ဩော် ... ဝက်သားဟင်းစားသလိုပဲ ... ခင်ဗျား ဝပ်ရှော့ ကို အလုပ်လုပ်ရင် ဒီထက်ပိုတိုးတက်မှာလို့ တွေးမိလို့ပါ ... "

အဲဒီတုန်းက သူပြောတဲ့ စကားကို ကျုပ် ချက်ချင်း နား မလည်မိဘူး။ ဒါနဲ့ အလှူအိမ်က ပြန်လာပြီး လမ်းမှာ စဉ်းစားတော့ လည်း အဓိပ္ပာယ်မပေါက်ဘူး။ နောက်ဆုံး ... ကျုပ် ဝပ်ရှော့ကို ရောက်တော့မှ ကျုပ်တပည့်လေးတွေ ကားတွေပြင်နေတာကို လိုက်ကြီးကြပ်ရင်း ဒီစကားရဲ့ အဓိပ္ပာယ်ကို ဖျတ်ခနဲ စဉ်းစားမိပြီး

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်တော့တယ်။ အဲဒီလိုလည်း သဘောပေါက်ရော ကျုပ်မှာ စိတ်နှလုံးပင်ပန်းကြီးစွာနဲ့ နေ့လယ်စာတောင် မစားနိုင်ဘဲ ဖြစ်ရတော့တယ်။

ဟုတ်တယ်လေ။ အမှန်တော့ ကျုပ် ဒီတစ်ချီ ပယ်ပယ်နယ်နယ်ကြီး ထိတာပဲ။ ကိုမြအောင်ကျော်ဆိုတဲ့ လူကို အရေပါစုတ်ပစ်ချင်လောက်အောင် ကျုပ် ဒေါသထွက်မိတယ်။ နို့ပေမဲ့ ဒီကိစ္စက ကျုပ်အ,လို့ ကျုပ်ခံရတဲ့ ကိစ္စပဲ။ တွေးမိလေ ကျုပ်မှာ အသည်းနာလေ။

ဒီလူက ဝက်သားဟင်းကို တကယ်တော့ အသားကြိုက်တဲ့ လူပဲ။ သူ့အပြောကတော့ အဆီမှသာ ကြိုက်တာပါပေါ့။ အဲဒီမှာတင် သူ့အကွက်ထဲ ကျုပ် ဝင်သွားတော့တာ။ ဒီလူဗျာ ... တောက်၊ သူ့ ဘာသာသူ အသားပဲစားစား အဆီပဲစားစားပေါ့။ ဘာစကားပြောနေစရာလိုလိမ့်မလဲ။ ခုတော့ဗျာ ... ဒါ ... ဒါ ... ကျုပ်ကို သူ တမင်သက်သက် လူလည်ကျတာ။ ကျုပ်တို့စားတဲ့ဝိုင်းမှာ ... တခြားသူတွေလည်း ရှိသေးပြန်တော့ ကျုပ်အ,တာ အကုန်လုံး သိကုန်ပြီပေါ့။

ကျုပ်မှာ နောက်ပိုင်း ဒီအကြောင်းကို တွေးမိလေ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ထဲ တနွံ့နွံ့နဲ့ ရှက်မိလေပါပဲ။ ဘယ်သူကိုမှလည်း ဒီကိစ္စကို ပြန် မပြောရဲဘူး။ ယုတ်စွအဆုံး ကျုပ်မိန်းမကိုတောင် ကျုပ် ပြန်မပြော ရဲခဲ့ဘူး။ ကျုပ်မိန်းမက သူ့မှာ ကျုပ်လို အင်မတန်အ,တဲ့ ယောကျ်ား ရှိမှန်းသိသွားရင် အရင်လောက် ကျုပ်အပေါ် လေးစားကြောက် ရွံ့မှာ မဟုတ်တော့ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



(၆)

ကျုပ်ဘဝတစ်လျှောက်လုံး နေလာခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ အပျော်ရွှင်ဆုံးနေ့ကို ပြပါဆိုရင် ဒီနေ့ကို လက်ညှိုးနဲ့ ပြကွဒိန်စာရွက်ပေါ် မလွတ်တမ်း ဖိထောက်ပြရမှာပဲ။

ကျုပ် မိန်းမမှာ ကိုယ်ဝန်ရှိနေပြီတဲ့။

သုံးလတောင် ရှိနေပြီဆိုပဲ။

ဆရာဝန်က အဲဒီအကြောင်းလည်း ပြောပြီးရော ကျုပ်တို့ လင်မယားနှစ်ယောက်စလုံး ပျော်လွန်းလို့ ဆေးခန်းထဲမှာတင် တစ်ယောက်နဲ့တစ်ယောက် မရှက်တမ်း နမ်းရှုံ့ပွေ့ဖက်မိကြပါရဲ့။

အိမ်ပြန်ရောက်တော့ ကျုပ်တို့လင်မယားနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ကို အစီအစဉ်ဆွဲကြတယ်။ ကျုပ်က မဖွင့်ပါနဲ့တော့ဆို တာတောင် ကျုပ်မိန်းမက ရှေ့ရေးအတွက် လိုအပ်တယ်ဆိုပြီး အိမ်က စတိုးဆိုင်လေးကို ဆက်ဖွင့်တယ်။ ဒါပေမဲ့လည်း ဒီအတွက် ကျုပ်က သူ့ညီမနဲ့ သူ့အမေကို ကျုပ်အိမ်မှာ ကလေးမမွေးပြီးမချင်း လာနေစေလိုက်တယ်။ ကျုပ်လည်း ဝပ်ရှော့မှာ အရင်ကလို သိပ် မနေတော့ဘဲ အားတဲ့အချိန်ဆို အိမ်ပြန်ပြီး မိန်းမနားကပ်တော့ တာပဲ။ ပြီးတော့ ကျုပ်ရသမျှ ပိုက်ဆံကို ကျုပ်မိန်းမဆီ အကုန်ပြန် အပ်တယ်။ ဘာပဲပြောပြော ခုဆို ကျုပ်ဘဝက အချိန်မီလေး စိုပြေမှုရတော့မယ် မဟုတ်လား။

ကျုပ်တို့ ဘဝထဲကို မမွေးဖွားရသေးတဲ့ ရင်သွေးလေး ဝင်လာပြီး ရှစ်လရှိတဲ့အခါ ရောက်တဲ့တစ်နေ့ ...

ထုံးစံအတိုင်း ဝပ်ရှော့ကို ကျုပ်တပည့် အောင်မင်းနဲ့ ထားခဲ့ပြီး အိမ်ကိုပြန်မယ်အလုပ် ...

"နေပါဦး ... ပြန်တော့မလို့လား ... ဝပ်ရှော့ပိုင်ရှင်ကြီးရဲ့"

ဝပ်ရှော့ထဲ မောင်းဝင်လာတဲ့ ကားတစ်စင်းပေါ်ကနေ ကျုပ်ကို လူတစ်ယောက်က ခနဲ့တဲ့တဲ့ လှမ်းပြောသံ ကြားလိုက်တယ်။ ကျုပ် ကြည့်လိုက်တော့ ကိုမြအောင်ကျော်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမြအောင်ကျော်ပါလား ... မလာစဖူး ဘာဖြစ်လို့ပါလိမ့် ... "

"ဒီမှာဗျာ ... ကျွန်တော် မနေ့က ဝယ်လိုက်တဲ့ကားအဲဒါ နည်းနည်း ပြင်စရာလေးရှိနေလို့ ... "

ကိုမြအောင်ကျော်က သူ့ကားကိုပြရင်း ပြောတယ် ...။ ကျုပ် တပည့်အောင်မင်းကို ... ကျုပ် လှမ်းခေါ်လိုက်ပြီး ကိုမြအောင်ကျော် ကားကို ကြည့်ခိုင်းလိုက်တယ်။

"ကဲ ... ခင်ဗျားကားတော့ စိတ်သာချဗျာ ... လာ ... ကျုပ်နဲ့ ရေနွေးကြမ်းလေးဘာလေးသောက်ရင်း စောင့်ကြတာပေါ့ ... "

ကိုမြအောင်ကျော်ကို ကျုပ်ဝပ်ရှော့ရဲ့ တစ်ခုတည်းသောစားပွဲခုံလေးဆီ ခေါ်သွားလိုက်တယ်။ ရေနွေးကြမ်းသောက်ရင်း ကျုပ်တို့ ဟိုအကြောင်း ဒီအကြောင်း ပြောနေတုန်း ...

"ဆရာ ... ခဏ ... "

အောင်မင်း လာခေါ်တာနဲ့ ကိုမြအောင်ကျော်ကို ထားခဲ့ပြီး ကျုပ် ထ,လိုက်သွားတယ်။

"ဆရာ ... တစ်နေ့က အပ်ထားတဲ့ကားက မပြီးသေးဘူးဆရာ ... သူတို့ ဒီနေ့ လာယူကြလိမ့်မယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဘယ်တတ်နိုင်ပါ့မလဲကွာ၊ မနက်ဖြန်တော့ ပြီးမယ် မဟုတ်လား ... "

"မနက်ဖြန်ဆိုပြီးပါတယ် ဆရာ ... "

"အေး ... ငါ့ဆီမှာ သူတို့ဖုန်းနံပါတ်ရှိတယ် ... ငါ ဖုန်းဆက်ပြောလိုက်မယ် ... ဒါနဲ့ ကိုမြအောင်ကျော်ကားကရော ... "

"ဘာမှ သိပ်ကြီးကြီးမားမား ပြင်စရာမရှိပါဘူး ... ခဏနေ ပြီးတော့မှာပါ ... ဒါပေမဲ့ ... သူ့ကားက ... "

"သူ့ကားက ဘာဖြစ်လို့လဲ အောင်မင်း ... "

"သူ့ကားဘရိတ်ဝါရှာက သိပ်မကောင်းတော့ဘူး ဆရာ၊ သုံးရင်တော့ ဖြစ်သေးတယ် ... အဲဒါ ... "

"ပြစမ်းပါဦး ... ငါ ကြည့်ပါဦးမယ် ... "

ကျုပ်တပည့် အောင်မင်းပြောတဲ့အတိုင်း ကိုမြအောင်ကျော် ကားကို ကျုပ် စစ်ဆေးကြည့်တယ်။

"ရတယ် အောင်မင်း ... ဒီကိစ္စထားလိုက် ... ကျန်တာတွေ လုပ်လိုက်ဟုတ်လား ... "

"ဟုတ်ကဲ့ ဆရာ ... "

ကိုမြအောင်ကျော်နားက ခုံတစ်လုံးမှာ ဝင်ထိုင်ပြီး ... ရေနွေးကြမ်းတစ်ခွက် ကျုပ် ငှဲ့သောက်လိုက်တယ်။ ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကိုမြအောင်ကျော် ... ခင်ဗျားကားက ဘရိတ်ဝါရှာက ဂျပန်ဝါရှာဆိုတော့ ကောင်းပါတယ် ... ဒါပေမဲ့ ... ကျုပ်ဆီက ဂျပန်ဝါရှာအသစ်တစ်ခုနဲ့ လဲလိုက်ရင် ပိုကောင်းလိမ့်မယ် ထင်တယ် ... "

"မလဲလို့ မရဘူးလားဗျ ... "

ကိုမြအောင်ကျော်က စဉ်းစားနေပုံမျိုးနဲ့ ကျုပ်ကို ပြောတယ်။

"မလဲဘဲနေလည်း ရပါသေးတယ် ... ခြော် ... စကားမစပ်ဗျာ ... ဟိုတစ်ခါ ခင်ဗျားဆီက ဝက်သားဟင်းစားနည်းလေးက ဟန်ကျတာပဲဗျ ... "

ကျုပ်စကားကြောင့် ... ကိုမြအောင်ကျော် မျက်နှာတစ်ချက် ပျက်သွားတာကို ကျုပ်တွေ့မိတယ်။ သူက ...

"ထားပါဗျာ ... ကျွန်တော်က ဝါရှာလဲသင့်၊ မလဲသင့် စဉ်းစားနေတာ ... "

"လဲလိုက်တော့ ကောင်းတာပေါ့ ... ကိုမြအောင်ကျော်ကလည်း ... ဒါ ဘာစဉ်းစားစရာလိုလို့လဲ ... "

ကျုပ်ကို သူတစ်ချက်ကြည့်တယ်။ ပြီးတော့ ပြုံးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမြအောင်ကျော်အပြုံးက အရာရာကို ထိုးထွင်းသိမြင်တဲ့ အပြုံး မျိုး။

"ရတယ် ကိုလင်းအောင် ... ကျွန်တော် ဘာရိတ်ဝါရှာ မလဲတော့ဘူး ... အပေါင်းပဲ ဆက်သုံးဦးမယ် ... "

ခဏကြာတော့ ကိုမြအောင်ကျော် သူ့ကားပြင်ပြီးလို့ ပြန်သွားတယ်။ တဖြည်းဖြည်းဝေးသွားတဲ့ ကိုမြအောင်ကျော်ကား လေး နောက်ပိုင်းကိုကြည့်ပြီး ကျုပ် ကျွန်ရစ်ခဲ့တယ်။ ကျုပ်မျက်နှာ ပေါ်မှာတော့ အပြုံးချိုချိုလေး။ ဒီတစ်ခါ ကျုပ်အကွက်ထဲ သူ ဝင် ခဲ့ပြီဆိုတော့။

ဇွဇ

www.burmeseclassic.com

www.burmeseclassic.com



## စိတ္တဇအခန်း

သူ့ညာဘက်လက်ဖနောင့်နှင့် ထိစမ်းမိသမျှ အာရုံတွေကို သူ့နှုတ်ခမ်းမှ ကဗျာရွတ်သလို ဖွဖွတိုးတိုးရွတ်နေတုန်းမှာပဲ ...

"အိုး ... "

သူ တစ်ချက်ညည်းညူလိုက်မိသည်။

သူ့ရင်ဘတ်ထဲမှာလည်း တစ်စုံတစ်ခုက ရှူးရှူးဝါးဝါး အောင့်တက်သွား၏။

လူကြီး၏ နဖူးပြင်ပေါ် ဖိထောက်စမ်းထားသည့် သူ့လက်က လူကြီးလှုပ်ရှားလိုက်သောအခါ ဟန်ချက်ပျက်သွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယခုလို နာကျင်ဖွယ်ဝေဒနာကို သူ ရလိုက်ခြင်း ဖြစ်သည်။

ထိုလူကြီးက ပထမနံပါတ်(၃)လိုမျိုး မဟုတ် ...။ နံပါတ်(၃)လိုမျိုး ငြိမ်ငြိမ်မနေ။

သူ့လက်အောက်မှ လွတ်သွားတော့ ထိုလူကြီး (နံပါတ် ၁၆) က ကိုယ့်နဖူးပြင် ကိုယ်တို့ကြည့်ပြီးနောက် တို့လိုက်သည့် လက်ကို လျှာဖြင့် လျှက်ကြည့်နေပြန်သည်။

"ဟင် ... ကြံသကာလည်း မဟုတ်ဘူး ... "

ပြောပြီး နံပါတ်(၁၆)က ထိုင်နေရာမှ ထရပ်လိုက်၏။ သူ့အတွက်တော့ သည်အတိုင်းဆိုလျှင် အာရုံခံရတာ တော်တော် ခက်ခဲသည့် အနေအထားမှာ ရောက်နေသည်။

နံပါတ်(၁၆)၏ အတိတ်ဖြစ်ရပ်တွေက ပြီးဆုံးကာနီးပြီ ဖြစ်သည်။ သည်လိုအချိန်ရောက်မှ သည်လူကြီးက ကမောက်ကမ ထလုပ်နေသည်။

သည်အတိုင်း လွတ်လိုက်၍တော့ မဖြစ်။ တစ်နည်းနည်းနှင့်တော့ သူ့အလုပ်ပြီးစီးအောင် ကြံစည်ရမည်။ ပြီးတော့ ဒါက လည်း သူ့တာဝန်ကို သူ ထမ်းဆောင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်နေသည့် နံပါတ်(၁၆)ကို သူ ခပ်ရှုးရှုး တစ်ချက် ကြည့်ပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးက ဘယ်နေရာကိုမှ လျှောက်မသွားသဖြင့် တော်သေးသည်။ ထိုလူကြီးဘေးမှာ သူပါ ယှဉ်ရပ်လိုက်ရင်း ထိုလူကြီးကို သူ စိုက်ကြည့်နေမိ၏။

"ဘာလဲ ... ရှာထိပ်က အုတ်ကန်ကြီးလား ... ငါ့ကို တစ်ခုခု ကျွေးစမ်းပါ ..."

နံပါတ်ဘဖကို သူ ဘာတစ်ခွန်းမျှ မပြောဘဲ နဖူးပြင်ပေါ် ခပ်ကြမ်းကြမ်း သူ့ညာလက်ဖနောင့်နှင့် ဖိထောက်လိုက်သည်။

သူ့လက် အချိန်အဆများသွားသောကြောင့် ထိုလူကြီး ခုတင်ပေါ်ပြန်ပြီး ဖင်ထိုင်ကျသွား၏။

သည်တော့မှ စောစောကအတိုင်း လူကြီးနှင့် မျက်နှာ ချင်းဆိုင်မှာ သူ့ခုံကို တိုးရွှေ့ထိုင်ရင်း ...

×××

www.burmeseclassic.com

www.burmeseclassic.com



(၇)

"ကိုလင်း ... ဒီနေ့ စောစောပြန်ခဲ့နော် ... "

"ဘာဖြစ်လို့လဲကွ ... မင်းက မသွားနဲ့ဆိုရင်တောင် ငါ သွားပါဘူး ... *ငါက အခုလို မွေးခါနီး ဖွားခါနီးအချိန်ဆို မင်းနားမှာ* နေသင့်တာပေါ့ ... "

"ရပါတယ် ကိုလင်းရယ် ... ကျွန်မအနားမှာ အမေနဲ့ ညီမလည်း ရှိနေတာပဲ ... ရှင် အိမ်စောစောပြန်ခဲ့ဖို့ မှာရတာက ရှင်ကြိုက်တတ်တဲ့ ကြက်သားဆီပြန်နဲ့ ဆူးပုတ်ရွက်ဟင်းချို ချက်ခွာမို့ပါ ... "

"အေးလေ ... ဒါဆိုလည်း ခါတိုင်းစောစောပြန်တာထက် တို ပိုစောပြီး ပြန်ခဲ့မယ် ဟုတ်လား ... "

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မိန်းမပါးကို ခပ်ဆတ်ဆတ်လေး တစ်ချက်ရိုက်ပြီး ကျုပ် ဝပ်ရှော့ကို ထွက်လာခဲ့လိုက်တယ်။ လမ်းမှာလည်း ကျုပ် ဘဝရဲ့ ပျော်ရွှင်ဖွယ်နေ့ရက်များရဲ့အရသာကို တစိမ့်စိမ့် ခံစားမိ တာပေါ့။ လူတစ်ယောက်ရဲ့ဘဝမှာ ဒီလောက် ပျော်ရွှင်ဖို့ကောင်း တဲ့ နေ့ရက်တွေ ရှိလာလိမ့်မယ်လို့ ဟိုအရင်တုန်းက ကျုပ် နည်း နည်းလေးမှ မတွေးမိခဲ့ဘူး။ ခုလိုကျတော့လည်း လူ့ဘဝဆိုတာ နေလို့ထိုင်လို့ အကောင်းသားပါလားလို့တောင် ကျုပ် တွေးမိပါရဲ့။

BURMESE CLASSIC ဘာဖြစ်လို့လဲ မသိဘူး ... ။ တစ်နေ့လုံး ကျုပ်စိတ်က အိမ်ကိုပဲ ရောက်နေတယ်။ ကျုပ် ဝပ်ရှော့မှာ ဒီနေ့ကျမှ အလုပ် တွေကလည်း မတရားကျနေတယ်။ ဒါလည်း တစ်မျိုးကောင်းတာ ပဲမဟုတ်လား။ ကားတွေဆို တစ်စင်းပြီးတစ်စင်း ကျုပ်ဝပ်ရှော့ထဲ ကို ဂူးခနဲ ဂူးခနဲ မောင်းဝင်လာတာမျိုးရော ... ဟော့လာမောင်တို့ ဝါးဆိုပြီး တွန်းဝင်လာတာမျိုးရော၊ ကားကြီးရော၊ ကားသေးရော၊ ကားလတ်ရော၊ အို ... စုံလို့ပါပဲ။ ကျုပ်လည်း စွပ်ကျယ်လေးနဲ့ ဆီချေးအထပ်ထပ်ပေနေတဲ့ ပုဆိုးလေးနဲ့ ဟိုကားနှိုက်လိုက် ဒီကား နှိုက်လိုက်ပေါ့ ... ။

"ဆရာ ... ဟိုသတင်းကြားပြီးပြီလား ..."

www.burmeseclassic.com

www.burmeseclassic.com



အောင်မင်းစကားကြောင့် ကျုပ် ကြောင်သွားတယ်။

"ဘာသတင်းလဲကွ ... "

"ကိုမြအောင်ကျော်လေ ... မနေ့က မြေနီကုန်းမှာ ကား အက်ဆီးဒင့်ဖြစ်တာ ... "

"ဟာ ... ဟုတ်လား ... ပြောပါဦး ... ဘာဖြစ်သွားသေး လဲ ... "

"အခု ဆေးရုံမှာ ဆရာ ... ဒဏ်ရာပြင်းတယ်တဲ့ ... သေ မလား ရှင်မလားတော့ မပြောတတ်သေးဘူး ... "

"ဖြစ်ရလေကွာ ... "

BURMESE CLASSIC

ကျုပ်စိတ်ထဲမှာ တကယ်မကောင်းဘူး ဖြစ်သွားတယ်။ အောင်မင်းက ...

"ဆရာ ... ဟိုတစ်ခေါက်က သူ့ကားဘရိတ်ရှာ မလဲဘူး နော်၊ အဲဒါကြောင့်များလား ... "

"ဖြစ်နိုင်တယ် ... ဒါပေမဲ့ကွာ ... သတင်းသေချာမသိ သေးဘဲနဲ့ ပြောနေရင်လည်း အပိုပဲ ... ဒါမျိုးက တခြားကြောင့် လည်း ဖြစ်နိုင်တာပဲ ... "

"ဟုတ်ကဲ့ ... ဆရာ ... ကျွန်တော်လည်း ဒီမနက်မှ ကြား တာဆိုတော့ သတင်းက မရေရာသေးပါဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



လွှန်ခဲ့တဲ့ နာရီပိုင်းလောက်တုန်းက ပျော်ရွှင်မှုတွေ ဘယ်နား ရောက်သွားမှန်း မသိတော့ဘူး။ လုပ်လက်စ အလုပ်တွေ အောင်မင်းနဲ့ ပစ်ထားပြီး ကျုပ် ငိုင်နေမိတယ်။ ပြီးတော့ ကျုပ် ရင်ထဲမှာ ဗလောင်ခတ်နေတာ ကျုပ်ပဲသိတယ်။ အဲ့ဒီဘာရိတ် ဝါရှာက ... ။ ဟင့်အင်း ... မဟုတ်ဘူး အဲသလိုမျိုး မဟုတ်ဘူး။

***

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# ၉

ကျုပ်မှာ ဒီကိစ္စကိုချည်းပဲ တွေးနေမိတယ်။ [illegible]ား ဘယ်အကြောင်းတရားကိုမှ လွှဲပြောင်း တွေးတောယူလို့ မရ လောက်အောင်ထိပဲ ဆိုပါတော့။ အဲဒီအချိန်မှာပဲ ကျုပ်နားထဲကို အသံပေါင်းစုံ ဝင်လာတယ်။ ကျုပ်ရှေ့မှာလည်း လူတွေ ပြေးလွှား နေကြတာကို မြင်ရတယ်။

"မီးဟေ့ ... မီး ... မီး ... "

"ဆရာ ... ဆရာ ... "

အသံနဲ့အတူ ကျုပ်တပည့်အောင်မင်း ကျုပ်အနားကို ရောက်လာတယ်။ ကျုပ်က ...

"ဘာဖြစ်တာလဲ အောင်မင်း ..."

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဟို ... ဆရာ့တို့အိမ်နားမှာ မီးလောင်နေတယ် ဆရာ ..."

"ဟာ ..."

ကျုပ် ထိတ်လန့်တကြား ဖြစ်သွားရတယ်။ ချက်ချင်းပဲ ကျုပ်မျက်လုံးထဲ နေ့စေ့လစေ့နေပြီဖြစ်တဲ့ ကျုပ်မိန်းမကို မြင်မိလိုက်တယ်။

BURMESE CLASSIC

အဲဒီနောက် ဝပ်ရှော့မှာသာ သုံးဖို့ထားတဲ့ ကျုပ်ရဲ့ကားကို ဆွဲထုတ်ပြီး အိမ်ကို တရကြမ်း မောင်းထွက်လာမိတယ်။ ကျုပ်အိမ်နဲ့ ဝပ်ရှော့နဲ့က သိပ်မဝေးဘူးဆိုပေမဲ့ သိပ်ဝေးနေသလို ထင်ရတယ်။ လမ်းထဲဝင်လိုက်တယ်ဆိုရင်ပဲ ပျားပန်းခတ်နေတဲ့ လူတွေနဲ့ ကောင်းကင်မျက်နှာကျက်မှာ မည်းညိုဝင်းတောက်နေတဲ့ မီးညွန့်ကြီးတွေ၊ မီးခိုးမှိုင်းလိပ်တွေကို ကျုပ် တွေ့လိုက်ရတယ်။

ကျုပ်အိမ်ကို မရောက်ခင်မှာဘဲ လမ်းပေါ်မှာ ပြေးလွှားနေကြတဲ့ လူအုပ်ထဲက ကျုပ်မိန်းမရဲ့ ညီမနဲ့ ကျုပ်ယောက္ခမကြီးကို ဖျတ်ခနဲ မြင်မိလိုက်တယ်။ ဒါနဲ့ ကျုပ်လည်း ကားကိုရပ်ပြီး သူတို့ကို လိုက်ဖမ်းရတယ်။

"အမလေး ... မောင်လင်းအောင် ... ငါ့သမီးကို ကယ်ပါ သူ အိမ်မှာကျန်ခဲ့တယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ။ ကျုပ်ယောက္ခမကြီး ဒီစကားပဲပြော ခေါက်ခနဲ လဲကျ မေ့မြောသွား ... ။

"ဟဲ့ ... စိုးစိုး ငိုမနေနဲ့ ... ငါ့ဝပ်ရှော့ကိုသွားနေ ... ငါ နင့် အစ်မကို သွားခေါ်လိုက်ဦးမယ် ... စိတ်အေးအေးထား ... အမေ့ကိုလည်း ဂရုစိုက် ... "

ကျုပ်ခယ်မကို အဲသလိုပြောပြီး အိမ်ကို ကားနဲ့ ဆက်မောင်းလာခဲ့တယ်။ ကျုပ်အိမ်ရှေ့ကို ရောက်တော့ ... အားပါး၊ ကျုပ် အိမ်တစ်အိမ်လုံး မီးစွဲနေပြီ။ အိမ်ရှေ့က စတိုးဆိုင်လေးကိုတော့ မီးက ခုမှကူးကာစ။

အိမ်ခြံဝန်းထဲ ကပျာကယာ ကျုပ် ပြေးဝင်သွားမိတယ်။ ဘယ်မှာလဲ။ ကျုပ်မိန်းမ ဘယ်မှာလဲ။ ကျုပ် ရင်ခွင်တစ်ခုလုံး ပြောင်းဆန်နေပြီ။ ကျုပ်ဘေးနားကို မီးပွားတွေကျနေတယ်။ ကျုပ် ကျုပ် ကျုပ် ... တစ်ခုပဲ သတိရတယ်။ အဲဒါ ကျုပ်မိန်းမပဲ။

"ယုမွန်ရေ ... ယုမွန် ... "

ကျုပ်မိန်းမရဲ့ နာမည်ကို ကျုပ် အကြိမ်ကြိမ် အထပ်ထပ် အော်ခေါ်နေမိတယ်။ အဲဒီချိန်မှာပဲ မီးလောင်နေတဲ့ အိမ်ထဲက တစ်စုံတစ်ခုကို ကျုပ် ရိပ်ခနဲ မြင်လိုက်ရတယ် ... ။ အဲဒီ တစ်စုံ တစ်ခုဟာ တစ်ကိုယ်လုံး မီးစွဲနေတဲ့ ကျုပ်မိန်းမပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူမ ထွက်လာတယ်။

သူမ ကြိုးစားပြီး ထွက်လာတယ်။

သူမ တစ်ခုခုနဲ့ တိုက်မိပြီး လဲကျသွားတယ်။

"ယုမွန် ..."

သူမ နောက်တစ်ကြိမ်ထဖို့ ကြိုးစားတယ်။

သူမ ဒယီးဒယိုင်နဲ့ ထလာတယ်။

နောက်ထပ် သူမ လဲကျပြန်တယ်။

"ယုမွန် ..."

နောက်တစ်ကြိမ်ထဖို့ အားယူတယ်။

ပြီးတော့ သူမခန္ဓာကိုယ် ငြိမ်သက်။

"ယုမွန်" မီးပွားတွေ ...။ လူတွေ။ အရိပ်တွေ။ ကိုမြအောင်ကျော်။ ရင်သွေးလေး။ မီးခိုးနဲ့ ... အသံတွေ။ မျက်ရည်တွေ။ ကြံသကာတွေ။ ကြက်သားဆီပြန်တွေ။ "ယုမွန်"။

၁၀၄

www.burmeseclassic.com

www.burmeseclassic.com



## စိတ္တဇအခန်း

သူ ငြိမ်ငြိမ်ကလေး ထိုင်နေမိသည်။

နံပါတ် (၁၆) ကတော့ ... ခုတင်ပေါ်မှထိုင်ရင်း တစ်ယောက်တည်း စကားတွတ်တွတ်ပြောရင်း ကျန်ခဲ့ပြီ။

သူ့ခုတင်ကို ပြန်ရောက်ကတည်းက သူ ငြိမ်ငြိမ်ကလေး ထိုင်နေခဲ့သည်။ နံပါတ်(၁၆)ဆီက ဖွဲ့ခွာလာပြီးကတည်းက သူ ငြိမ်ငြိမ်လေး ထိုင်နေခဲ့သည်။

သူ မောလျှနေတာကို သူ့ဘာသာသူ ပြန်သိနေသည်။ သည်အတိုင်း ခဏလောက်နေမိလျှင်တော့ သူ့ပင်ပန်းမှုတွေ ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

တစ်မိနစ် … ။

နှစ်မိနစ် … ။

သုံးမိနစ် … ။

ဆယ်မိနစ်လောက် ရောက်သည့်အခါ သူ ပြန်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ အခန်းထဲမှ သူ မထိတွေ့ရသေးသည့် လူများထံ သူ့အကြည့်က ရောက်သွားသည်။

သူ့ခုတင်ကနေ ရေတွက်လျှင် လက်ယာဘက်မှ သုံးလုံးမြောက် ခုတင်ပိုင်ရှင်ထံမှာ သူ့မျက်လုံးတွေ ရပ်တန့်သွားမိသည်။

အသက်(၁၅)နှစ်လောက်သာ ရှိလိမ့်ဦးမည့် အတော်ကလေးပိန်ပြီး အတော်ကလေး အရပ်ရှည်သည့် ခုတင်ပေါ်မှာ မနေဘဲ သမံတလင်းပြင်ပေါ်ထိုင်ပြီး ပုံဆွဲနေသောကောင်လေး။

www.burmeseclassic.com

www.burmeseclassic.com



# ၆

သူ့နှုတ်ခမ်းများတွင် ကောင်လေးကိုကြည့်ပြီး တောက်ပသော အပြုံးတစ်ခု လက်သွားသည်။

စိတ်လက်ပေါ့ပါးစွာပဲ ထိုကောင်လေးဆီ သူ လျှောက်သွား၏။ ကောင်လေးအနားကို ရောက်တော့ ပုံဆွဲနေသည့် ကောင်လေးက သူ့ကို မော့ကြည့်သည်။ အကြည့်က ပကတိအဖြူရောင်။

ကောင်လေးဘေးမှာ သူ ဝင်ထိုင်ချလိုက်၏။

ကောင်လေးက ... ဘာမှ မထူးဆန်းသလိုဟန်ဖြင့် နဂိုအတိုင်း ကြမ်းပြင်ပေါ်မှာ ကျောက်ခဲတစ်စနှင့် ပုံတွေခြစ်ဆွဲနေသည်။ သူကြည့်လိုက်တော့ ဘာပုံ ညာပုံဟု တိတိကျကျ ရေရေရာရာ မသိမြင်နိုင်သော ပုံများဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး၏ နဖူးပြင်ပေါ် သူ့ညာလက်ဖြင့် အသာ ဖိစမ်း ကြည့်လိုက်သည်။

"ဟင် ... "

သူ့အာရုံထဲမှာ ဘာမှမပေါ်လာ။

မဟုတ်သေးပါဘူးဆိုပြီး ကောင်လေး နဖူးပြင်ပေါ်က သူ့ လက်ကို အသာအားထည့်ကာ အာရုံခံကြည့်ဖို့ ကြိုးစားမိပြန်သည်။

"ဟင် ... "

တကယ်ကို သူ့အာရုံထဲ ကောင်လေး၏ သိစိတ်တွေ တစ်ခုမှ ပြုတ်ကျမလာပါ။ သေချာအောင် သူ နောက်တစ်ခေါက် ထပ်စမ်းကြည့်မိပြန်သည်။

သူ သည်လိုစမ်းနေချိန်တွင် ကောင်လေးက ကျောက်ခဲ *ဖြင့် ကြမ်းပြင်ပေါ် ပုံမဆွဲတော့ဘဲ ငြိမ်နေသည်။ ငြိမ်းတော့ ...* ရှန်းသည်။ အား ... သေချာပြီ။

လွတ်မသွားအောင် သတိထားပြီး သူ ထပ်စမ်းပြန်သည်။

နောက်ဆုံးတော့ ... သူ အဖြေကို သိလိုက်ရပြီ။ အခု ကောင်လေးက မွေးရာပါ စိတ်ရောဂါစွဲကပ်ခံရသူလေး ဖြစ်နေ သည်။ ထို့ကြောင့် ကောင်လေးကို အရင်နံပါတ်(၃)နှင့်နံပါတ် (၁၆)တို့လို အာရုံခံကြည့်၍ မရတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးနဖူးပြင်ပေါ်မှ သူ့လက်ကို အသာဖယ်ရှားလိုက်၏။ သည်တော့မှ ကောင်လေးက ကြမ်းပြင်ပေါ်မှာ အမည်ဖော်မပြနိုင်သောပုံတွေ ဆက်ခြစ်ဆွဲမြဲ ဆွဲနေတော့သည်။

ကောင်လေးအနားမှ မထခင် ကောင်လေးရင်ဘတ်ပေါ်မှ နံပါတ်ကို သူ ကြည့်ဖြစ်အောင် ကြည့်ဖြစ်သေးသည်။ ကောင်လေးက နံပါတ်(၁၀)။

***

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲရှိ လူတိုင်း လူတိုင်း ကိုယ့်ခံစားမှုနှင့် ကိုယ် လွတ်လပ်စွာ နေထိုင်နေကြသည်။

နံပါတ်(၃)က စောစောပိုင်းက တစ်ခန်းလုံးမှ ရှိသမျှ လူအားလုံးထက် အသံကျယ်လောင်စွာ ဂူးဂူးဝါးဝါး အော်ဟစ်ခဲ့ သလောက် ခုတော့လည်း သူ မဟုတ်သလို နှစ်ခြိုက်စွာ အိပ်မော ကျနေပြီ ဖြစ်သည်။ ဒါက နံပါတ်(၃)အနေနှင့် လုပ်လေ့လုပ်ထ ရှိသော ကိစ္စလည်း ဖြစ်နေလေသည်။

နံပါတ်(၁၆)ကတော့ နံပါတ်(၂၄)နှင့် စကားတွေ သွား ပြောနေသည်။ အမှန်တော့ နံပါတ်(၁၆)ကချည်း တတွတ်တွတ် ပြောနေတာပဲ ဖြစ်သည်။ "ငါ့ကို ကြံသကာပေးဦး" အိန္ဒြာ

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်က ငါ့မိန်းမ"စသော တောင်စဉ်ရေမရစကားများ ပြော ခြင်းဖြစ်ပြီး နားထောင်သူ နံပါတ်(၂၄)မှာ သည်အခန်းထဲတွင် အပြောင်းအလဲ အမြန်ဆုံးသူတစ်ယောက်ဖြစ်၏။

နံပါတ်(၂၄)မှာ ကျန်အခန်းထဲရှိ လူများနှင့် အရမ်း ရောနှောလှသည် မဟုတ်ပါ။ နံပါတ်(၁၆)တစ်ယောက်သာ အနား ကပ်ခံတတ်သည်။ သူတို့က နံပါတ်အကြီးချင်း မဟုတ်လား။ ဒါ တောင် နံပါတ်(၂၄)သည် စိတ်လိုလက်ရရှိမှသာ နံပါတ်(၁၆) ပြောသမျှစကားတိုင်း နားထောင်ပေးတတ်တာ ဖြစ်သည်။ ခုပုံ အတိုင်းဆိုလျှင် နံပါတ်(၂၄) စိတ်ကြည်နေပုံရ၏။ သို့သော် ဘယ် အချိန် ထဖောက်မည် မပြောတတ်။ နံပါတ်(၂၄)ကြမ်းလျှင် သည်အခန်းကို စောင့်ရှောက်သည့် Male Nurse တွေက ဝင်ထိန်းမှ ရသည်။

နံပါတ်(၁၀)ကတော့ စောစောကအတိုင်း သမံတလင်း ကြမ်းပြင်ပေါ်မှာ ဘာမှန်းမသိသည့်ပုံတွေ ထိုင်ဆွဲနေတုန်းပင်။ နံပါတ် (၁၀)ကလည်း အချိန်ပြည့်လိုလို သူ့အလုပ်နှင့်သူ ရှုပ်နေ တတ်ပါသည်။ တစ်ခါတလေ သည်လိုပင် ပုံတွေထိုင်ဆွဲနေပြီး တစ်ခါတလေ တုတ်ချောင်းဖြစ်ဖြစ် စက္ကူလိပ်တစ်ခုဖြစ်ဖြစ် ခပ် မာမာအချောင်းတစ်ခု ပါးစပ်ထဲထည့်ကာ ဖွဲ့ဆေးလိပ်သောက်သည့်

www.burmeseclassic.com

www.burmeseclassic.com



မိးခိုးတွေမှုတ်ထုတ်ဟန် စတိုင်ထုတ်ဖ တ်သေးပြန်သည်။ ပြီးတော့ နံပါတ်(၁၀)က ဆက်ဆံရေးကောင်းသည်။ နံပါတ်(၁၀)ဆိုလျှင် သည်တစ်ခန်းလုံးက ချစ်ကြသည်" နံပါတ်(၂၄)နှင့်ကတော့ ချွင်းချက်ဖြစ်၏။ နံပါတ်(၁၀)က နံပါတ်(၂၄)ကိုတော့ ကြောက်ပါသည်။

နံပါတ်(၉)။

သူ့လက်ယာဘက် တစ်ခုတင်ကျော်မှာနေသော နံပါတ်(၉)ကို လှမ်းမြင်တော့ သူ့ခေါင်းထဲ အကြံတစ်ခု ဝင်ရောက်လာသည်။ သူ နံပါတ်(၉)ကို မတွေ့ဆုံရသေးဘူး မဟုတ်လား။

သည်အခန်းထဲကို သူ ဝင်လာစဉ်ကတည်းက နံပါတ်(၉)သည် ခုတင်ပေါ်မှာ ːတစောင်းလေး လှဲလို့ပါ။ အခုလည်း ထိုအတိုင်း။ သို့သော် နံပါတ်(၉)မျက်လုံးများက ရိရိဝေဝေနှင့် ကြေကွဲမှုတွေ ပြည့်နှက်နေသလားဟု နံပါတ်(၉)ဆီ ရောက်သွားသောအခါ သူ တွေးမိလိုက်၏။

နံပါတ်(၉)သည် အသက်၃၅နှစ်မှ အသက် ၄၀ ကြားရှိမည် ထင်သည်။ နံပါတ်(၉)မျက်နှာက ရက်ဒ်အင်ဒီးယန်းရုပ်မျိုးဖြစ်ကာ အမြဲတမ်း ညှိုးမှိုင်းနေသည့် မျက်လုံးတစ်စုံကို ပိုင်ဆိုင်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက နံပါတ်(၂)ကို ပြုံးပြလိုက်သည်။

"ကျွန်တော် ပြောနိုင်ဘူးဗျာ ..."

နံပါတ်(၉)က သူ့ကို ပြောလိုက်တာဖြစ်ပြီး သူကတော့ ညာဘက်လက်ကို ဖြည်းဖြည်းချင်း နံပါတ်(၉)ခန္ဓာကိုယ်ပေါ် တင်လိုက်လေ၏။

"သူတို့က ကျွန်တော့်ကို ဒီအတိုင်း ပစ်ထားကြတယ်"

သူ့ညာဘက်လက်က ထိုရက်ဒ်အင်ဒီးယန်းလူ၏ နဖူးပြင်ပေါ် တိတိကျကျ ဖိစမ်းမိချိန်မှာ နံပါတ်(၉)က ပြောလိုက်ခြင်းဖြစ်သည်။

သူက နံပါတ်(၉)ကို ပြုံးပြရင်း ...

"ကျွန်တော်က အကြားအမြင်ရနေတဲ့သူပါ ..."

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်(၉)

အပြုံစားခံနှလုံးသားနဲ့အတူ

ပေးဆပ်ဖို့ဆိုလို့

ခပ်ညှံ့ညှံ့ကဗျာတစ်ပုဒ်ပဲ ရှိတော့တယ်။

(ဒဏ်ရာရှခင်းများမှ ... )

(၂၀၀၁ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



(၁)

လက်ဖက်ရည်ဆိုင်အပြင်ဘက်မှ မြင်နေရသော မြင်ကွင်းက ကိုယ်နှင့် ရင်းနှီးအသားကျပြီးသားပေမဲ့ ခုချိန်ထိ ကိုယ်တပ်မက်မိနေတုန်းပင်။

လမ်းမပေါ်မှာ ဥဒဟို သွားလာနေကြသော လူများ၊ မော်တော်ကားများ၊ ကိုယ်ထိုင်သည့် လက်ဖက်ရည်ဆိုင်မှ ကြည့်လျှင် ညာဘက်မျက်စောင်းထိုးမှာရှိနေသော ဘီယာနှင့် တွဲဖွင့်သည့် ... စားသောက်ဆိုင်၊ အရောင်တွေ၊ အရိပ်တွေ၊ အနံ့အသက်တွေ။

ဘာပဲဖြစ်ဖြစ် ကိုယ် ဒီနေရာလေးကို ချစ်ပါသည်။ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



လို လွတ်လွတ်လပ်လပ်နေချင်သော လူငယ်တစ်ယောက်အတွက် ဒီနေရာကလေးက သင့်တော်ပါသည်။ ဒီနေရာလေးနှင့် မလှမ်းမကမ်း တစ်နေရာတွင် ကိုယ် နေထိုင်ရာအိမ်ရှိသည်။ အိမ်မှာ ကိုယ့်အဖေ ရှိမည်။ (ကိုယ့်မေမေကတော့ မရှိတော့။) ကိုယ့်ညီ ရှိမည်။ ကိုယ့်အစ်မ ရှိမည်။ ဒီနေ့က စနေနေ့ဆိုတော့ အစိုးရရုံးမှာလုပ်သော အဖေနှင့်အစ်မလည်း အိမ်မှာ သေချာပေါက်ရှိမည်။ ကိုယ်ကသာ ကျောင်းပြီးကတည်းက ဘာအလုပ်မှ ရေရေရာရာ မလုပ်ကိုင်ဘဲ ဒီနေရာကလေးမှာ အမြဲတမ်းလိုလို ရှိနေတတ်သည်။

ကိုယ့်ကို ဒီလက်ဖက်ရည်ဆိုင်တစ်ဆိုင်လုံးက ရင်းရင်းနှီးနှီး သိကျွမ်းနေကြပြီ။ တစ်ခါတလေ ကိုယ် ဒီနေရာလေးမှာ တစ်ယောက်တည်း စာအုပ်တစ်အုပ်ကို ငြိမ်သက်စွာ ဖတ်ရှုနေတတ်သည်။ တစ်ခါတလေကျတော့ ... ကိုယ့်နားမှာ ကိုယ့်သူငယ်ချင်း၊ ကိုယ့်မိတ်ဆွေ အပေါင်းအသင်းတွေ တဝုန်းဝုန်းရှိနေတတ်သည်။ တစ်ခါတလေကျတော့လည်း ကိုယ်နှင့်အတူ ကိုယ့်အဖေ၊ ကိုယ့်ညီ စသဖြင့် အိမ်က တစ်ယောက်ယောက် ရှိနေတတ်သည်။ တစ်ခါတလေကျပြန်တော့ ခုလိုပဲ စာအုပ်လည်းမပါ

www.burmeseclassic.com



အဖော်လည်းမရှိဘဲ ကိုယ်တစ်ယောက်တည်း တောင်ငေးမြောက်ငေး ဟိုတွေးဒီတွေး ရှိနေပြန်ရော ...

"ဟော့ကောင်ကြီး ... ဘာတွေတစ်ယောက်တည်း ငေးတွေးနေတာလဲ ... "

တိုးဝင်းက မေးပြီးပြီးချင်း ဇကိုယ့်ဘေးက ခုံလွတ်တစ်ခုမှာ ဝင်ထိုင်သည်။

"ဘာရယ်မဟုတ်ပါဘူးကွာ ... ဒီလိုပါပဲ ... "

တိုးဝင်းကိုကြည့်ရင်း ကိုယ် ပြန်ဖြေလိုက်သည်။ တိုးဝင်းက ...

"မင်းလည်း တစ်နေ့တစ်နေ့ ဒီနေရာမှာပဲ အချိန်ကုန်တာပဲနော် သွင်ထူးအောင် ... "

"ငါက ဘယ်ကိုမှ သွားချင်စိတ်မရှိတာ မင်း သိသားပဲ တိုးဝင်းရာ ... "

"အေးပါ ... မင်းက တခြားသူတွေနဲ့မှ မတူတာ ... "

"ဘာမတူလို့လဲ တိုးဝင်း ပြောပါဦး ... "

ကိုယ် တိုးဝင်းကို အံ့အားတသင့် မေးလိုက်မိသည်။

"ဟြော် ... ဒီလိုပါ ... မင်းက ငါတို့လို ဘောလုံးကန်တာ

www.burmeseclassic.com

www.burmeseclassic.com



တို့ ဘောလုံးပွဲကြည့်တာတို့ ခြင်းခတ်တာတို့ နောက်ပြီး ချက်(စ်) ထိုးတာတို့ ဂစ်တာတီးတာတို့လည်း ငါ့သနာမှ လုံးဝမပါတာ အဲဒါ ကိုပြောတာ ... "

တိုးဝင်း မောသွားပုံရသည် ...။ ဆိုင်ထဲက စားပွဲထိုး လေး တစ်ယောက်ကို လှမ်းခေါ်ပြီး ...

"ငါ့ကို ပါဝါတစ်ပုလင်းပေးစမ်းကွာ ... မင်းတို့ ဆိုင်ထဲ ငါ ရောက်လာတာကြာပြီ ... တစ်ခွန်းတောင် လာမမေးဘူး"

ကိုယ် တိုးဝင်း ဖြစ်နေပုံကိုကြည့်ရင်း ရယ်မိ၏။

"မင်းတို့ ဘောလုံးကန်တယ်ဆိုတဲ့ ကောင်တွေက စကား လေးနည်းနည်းပြောပြီး ဒီလိုပဲ မောတတ်ကြသလား ... အဲဒါဆို ငါ ဘောလုံးမကန်တာ မှန်သွားပြီ ... "

"ဖြီး ... ဟာ ... ဒီကောင် ... "

အအေးပုလင်းရောက်ရောက်ချင်း အငမ်းမရ ငုံ့စုပ်နေ သော တိုးဝင်း ကိုယ့်စကားကို ပြန်ပြောမည်အလုပ် ပါးစပ်ထဲက ပိုက်နှင့် အရင်ဆုံး ခလုတ်တိုက်သွားပုံမှာ စောစောလေးကထက် ပင် ပို၍ ရယ်စရာကောင်းနေသည်။

"ဟား ... ဟား ... ဟား ... ပြောစရာရှိရင်လည်း ဖြည်း ဖြည်းပြောပါ ... ငါ့ကောင်ရာ ... ငါ ထွက်မပြေးပါဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ တိုးဝင်းကိုယ်တိုင် ရှက်ရယ်လေး လိုက်ရယ်နေတော့၏။ ပြီးတော့ "သွင်းထူးအောင် ... သွင်ထူး အောင် မင်းနဲ့တော့ ခက်ပြီ" ဆိုပြီး အဓိပ္ပာယ်မရှေရာသော စကား ကို သူ့ဘာသာသူပြောသည်။

"ဘာခက်တာလဲ လုပ်စမ်းပါဦး မင်းစကား ... "

"တော်ဖြို ... သွင်ထူးအောင် ... ငါဘာမှ မပြောဘူးဘဲ ထားလိုက်တော့ ... အခု အအေးပုလင်းလေး အေးအေးသောက်ပါ ရစေဦး ... "

"ဟား ... ဟား ... ဟား ... "

ကိုယ် ထပ်မံရယ်မောပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

"ဟား … ဟား … ဟား … "

ကိုယ် ရယ်မောလိုက်မိပါသည်။ နောက် ကိုယ်က …

"အဲဒီတော့ အိမ်သာထဲက မင်းဘာယ်လို ထွက်လာသလဲ"

ကိုမိုးက မျက်နှာကို ရှုံ့မဲ့ရှုံ့မဲ့ လုပ်နေရင်း …

"ငါလည်း အိမ်သာနံကြီးကို တော်တော်ခံရတယ်ကွ"

"အေးပေါ့ … အိမ်သာထဲ ပိတ်မိနေတော့ ဒီကောင် အိမ်သာနံ့တော့ နံမှာပေါ့ … "

သစ်နိုင်က ကိုမိုးကိုကြည့်ကာ ပြောသည်။ တိုးဝင်းက လည်း …

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို အဖြစ်မျိုးက ရှားပါတယ် ... မင်းကျမှပဲ ဖြစ်တော့တယ် ... "

"ဟ ... ငါက အပြင်ရောက်ပြီဆိုရင် အဲဒီလိုပဲကွ ... အိမ်သာ ခဏခဏသွားချင်နေတာ ... "

ကိုမိုး၏အဖြစ်က ရယ်စရာလည်း ကောင်း၊ သနားစရာလည်း ကောင်း ဖြစ်နေသည်။ မိတ်ဆုံစားပွဲတစ်ခုကို သွားရာ အခမ်းအနား မစခင်မှာ နောက်ကြောင်းရှင်းအောင် အိမ်သာဝင်တက်သည်။ ဖြစ်ချင်တော့ သူတက်ပြီးလို့ ထွက်မည်အလုပ် အိမ်သာတံခါးက ဖွင့်မရတော့။ တံခါးက ဘုနှိပ်ပြီး lock ချရသော အမျိုးအစားမျိုး ... ။ ကိုမိုးက အစပိုင်းမှာတော့ လူသိမှာစိုး၍ တစ်ယောက်တည်း ကျိတ်ဖွင့်နေပါသေးသည်။ သို့သော် မရ၊

ကြာတော့ ... ကိုမိုးလိုပဲ နောက်ကြောင်းရှင်းမည့်သူများ ရောက်လာသောအခါ အထဲမှ ကိုမိုးအဖြစ်ကို သိသွားကြတော့၏။

"နေပါဦး ... မင်း အိမ်သာထဲက ဘယ်လိုပြန်ထွက်လာသလဲ ... "

"ဟာ ... အဲဒီမှာက အိမ်သာနစ်လုံးရှိတာတောင် အပြင်မှာ လူတွေက ပြည့်နေပြီကွ ... "

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အမေးကို ကိုမိုးက မဆီမဆိုင်တွေပြောပြီး ဖြေနေသည်။ ဒီကောင်ကကို အဲဒီလို ... ။

"အပြင်ကလူတွေကရော မင်းကို မကူညီကြဘူးလား" သစ်နိုင်က ဖြတ်မေးပြန်သည်။

"အပြင်က လူတွေကလည်း ... တတ်သလောက် မှတ်သလောက် ကူညီကြပါတယ်ကွာ ... တံခါးကမှ မပွင့်တာ ... "

ကိုမိုးပြောပြီး သူ့နှာခေါင်းကို သူပွတ်နေသည်။ ပုံစံကြည့်ရတာ အခုချက်ချင်း သူ့နှာခေါင်းက အိမ်သာနံ့ရလာသလိုလို။

"သူတို့ တတ်သလောက် မှတ်သလောက် ကူညီတယ်ဆိုတာ ဘယ်လိုကူညီတာလဲ ကိုမိုး ... "

တိုးဝင်းက ထုံးစံအတိုင်း ဘုပြောပြောသည်။

"ဒီလိုကွာ ... အဲဒီထဲက လူတချို့က သူတို့မှာပါတဲ့ သော့တွေထုတ်ပြီး ရလိုရငြား ထုတ်ဖွင့်ကြည့်ကြတယ် ... တချို့ကလည်း တံခါးကို ဖျက်ပစ်ဖို့ အကြံပြုကြတယ် ... အချို့ကျတော့ တာဝန်ရှိသူ တစ်ယောက်ယောက်ရှာပြီး ဖွင့်ခိုင်းဖို့ ပြောကြတယ်၊ အို ... အစုံပါပဲကွာ ... "

"အေး ... မင်း နောက်ဆုံး အပြင်ကို ဘယ်လိုထွက်ခဲ့သလဲ ... "

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ကိုမိုးကို ခပ်မာမာလေးကို မေးလိုက်သည်။ တကတည်း မေးခွန်းတစ်ခုကို ဘယ်နှစ်ခါမေးမှ ဒီကောင်ဖြေမယ် မသိဘူး။

"ဟဲ ... ဟဲ ... တကယ်တော့ အဲဒီတံခါးမျိုးက ဆွဲဖွင့်ရ တာကွ ... ငါက တွန်းဖွင့်နေတော့ ဘယ်ပွင့်ပါ့မလဲ ... "

"သေပါတော့ ကိုမိုးရာ ... "

ကိုမိုးကို သစ်နိုင်နှင့် တိုးဝင်းက ဝိုင်းဆဲကြပါသည်။ ကိုယ် ကသာ ...

"ဟော့ကောင် ကိုမိုး ... မင်း အိမ်သာဘေးမှာ အိမ်သာ တစ်လုံး ရှိသေးတယ်နော် ... "

"အေးလေ ... ဘာဖြစ်လို့လဲ ... "

"မင်းအိမ်သာတံခါးက အဲဒီအိမ်သာလိုပဲ မဟုတ်လား"

"အေး ... ဟုတ်တယ် ... "

ကိုယ်တစ်ခု စဉ်းစားမိသွားသည်။ ပြီးတော့ အဲသည် တစ်ခုကို ပြောလိုက်၏။

"အဲဒါဆို အဲဒီအိမ်သာတံခါးလိုမျိုး ဖွင့်ရမယ်ဆိုတာ အခြား လူတွေက မသိကြဘူးလား ... "

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာ ဟုတ်တယ် သွင်ထူးအောင် ... ငါ အပါ အဝင် အဲဒီလူတွေအားလုံး ဒါကို မစဉ်းစားမိကြဘူး ... ငါကတော့ ငါ့ဘာသာငါ ကြောင်တာပဲကွ ... အပြင်ကလူတွေ သိသွားတော့ ငါက ပိုကြောက်လာပြီး ဖွင့်ပေးပါ ... ဖွင့်ပေးပါလို့ အတင်း အော်တော့ အဲဒီလူတွေလည်း ပျာပြီး မင်းပြောတဲ့အချက်ကို မစဉ်း စားမိကြတော့တာပဲ"

"ဟာ ... အဲဒါ မဖြစ်နိုင်တာပဲကွာ ... "

သစ်နိုင်က မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကြည့် ကာ ပြော၏။ တိုးဝင်းကတော့ ...

"လုံးဝဖြစ်နိုင်တယ် သစ်နိုင် ... "

"ဘာဆိုင်လို့လဲ တိုးဝင်းရ ... "

ကိုယ် တိုးဝင်းကို ချက်ချင်းပြန်မေးဖြစ်သည်။ တိုးဝင်း ဖြေလိုက်သည့် အဖြေက ကိုယ်တို့အားလုံးကို အတွေးတွေထဲ နစ် ဝင်သွားစေ၏။

"ဒီလိုကွ ... လူတွေဟာ ကိစ္စတစ်ခု ပြဿနာတစ်ခုနဲ့ ကြုံပြီဆိုရင် သူတို့မှာ ဖြစ်ပေါ်လာတဲ့ ခံစားချက် သူတို့ရဲ့သိမှု၊ လိုအင်ဆန္ဒ စတဲ့ များပြားလှတဲ့ သက်ရောက်မှု EFFECT တွေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အခြေခံကျကျ တွေးခေါ်တတ်မှုဟာ ပျောက်ဆုံးသွားတတ်ကြတယ် ... တချို့ကိစ္စတွေက အဲ့ဒီအခြေခံ အတွေးအခေါ်နဲ့မှ ဖြေရှင်းလို့ရတာ ... အခုကိစ္စလိုပေါ့ကွာ ... ”

ဒီတစ်ခါတော့ ... ကိုယ့်သူငယ်ချင်းတိုးဝင်းက တကယ့်ပညာတတ်ကြီးပုံ ပေါက်နေသလိုလို ထင်မိလိုက်သည်။ တာပဲဖြစ်ဖြစ် ဒီလိုတွေးသော တိုးဝင်းကို ကိုယ် လေးစားမိပါ၏။

***

www.burmeseclassic.com

www.burmeseclassic.com



# (၃)

ဒီနေ့မနက် ကိုယ်လက်ဖက်ရည်ဆိုင်သို့ ရောက်သော အခါ ကိုယ် ထိုင်နေကျ နေရာလေးတွင် တခြားသူတွေ ထိုင်နေ တာကို မြင်ခဲ့ရ၏။ ပထမတော့ ခုံလွတ်တစ်ခုမှာ ဝင်ထိုင်ပြီး ကိုယ့်နေရာလေး လွတ်တော့မှ ဝင်ထိုင်ဖို့ စိတ်ကူးသေးသည်။ အရင်ကလည်း ကိုယ့် နေရာလေးမှာ တခြားသူရှိနေလျှင် ကိုယ် ဒီလို ဆုံးဖြတ်နေကျ မဟုတ်လား။ ဒါပေမဲ့ ဒီနေ့တော့ ကိုယ်က ထိုစိတ်ကူးကို ပြင်းပယ်လိုက်ပါသည် ... ။ ဒီလက်ဖက်ရည်ဆိုင် ကလေးနှင့် မလှမ်းမကမ်းမှာ ရှိနေသည့် အားကစားကွင်းဘက်ကို သွားဖို့ ခြေလှမ်းပြင်လိုက်သည်။ အဲဒီမှာ တိုးဝင်းတို့ သစ်နိုင်တို့

www.burmeseclassic.com



အားလုံး ဒီမနက် ဘောလုံးချိန်းပွဲတစ်ပွဲရှိ နေသည်။ ဒီကောင်တွေ ကန်ပြီးတော့မှ ဒီကောင်တွေနှင့် အတူတူ လက်ဖက်ရည်ဆိုင် ပြန်လာစိုင်မည်။ ဘောလုံးကွင်းဘက် မသွားခင် လက်ဖက်ရည်ဆိုင်မှ ကိုယ်နှင့် သိကျွမ်းပြီးသား စားပွဲထိုးကလေး တစ်ယောက်ကို လှမ်းခေါ်ကာ ...

"တစ်နာရီအတွင်း ငါ ပြန်လာခဲ့မယ် ... ငါ့နေရာလေး လူရှင်းရင် ဘယ်သူမှ မထိုင်စေနဲ့တော့ ... "

"စိတ်ချ အစ်ကိုကြီး ... "

ဟု စားပွဲထိုးလေးက ပြန်ဖြေသည်။ ဒီလိုနှင့် သီချင်းလေး တစ်ပုဒ်ကို လေချွန်ရင်း သူငယ်ချင်းတွေဆီ ကိုယ် ထွက်လာခဲ့တော့သည်။

>>•<<

www.burmeseclassic.com

www.burmeseclassic.com



အားကစားကွင်းက ... လူနေကျဲပါးသည့် နေရာမှာ ဆောက်လုပ်ထားတာကြောင့် ကိုယ်လျှောက်နေသော လမ်းတစ်လျှောက်မှာ တိတ်ဆိတ်နေလေသည်။ လမ်းဘေးဝဲယာတွင် အရိပ်ရသော အပင်ကြီးများလည်း ရှိနေသဖြင့် လျှောက်နေရင်း ကိုယ့်စိတ်ထဲမှာ ကြည်နူး၍လာသည်။ အပင်ကြီးများပေါ်တွင် အသိုက်ဖွဲ့နားခိုနေထိုင်ကြသည့် ငှက်ကလေးများ၏ အသံစာစာလေးများကို ကိုယ် ကြားရသည်မှာ ရင်ခွင်ကို အေးမြသွားစေသည်။

"ဖတ် ..."

ရုတ်တရက် လေမတိုက်ပါဘဲနှင့် ကိုယ့်ခေါင်းမှ ဆံပင်တချို့ အပုန်တစ်ခုကြောင့် ဖွာကြဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာင် ... "

ကိုယ် ဘေးဘယ်ညာကို ကြည့်လိုက်သည်။ ဘာမှမတွေ့ရ။ အပေါ်ကို မော့ကြည့်သည်။ မထူးခြား။ ကိုယ့်အောက်ဘက်ကို ကြည့်မိမှပဲ အဖြေကို သိရတော့၏။ စက္ကူဝဲစွန်လေး။

ဘယ်နေရာက လွင့်လာသလဲ မသိဘူး။ ကိုယ့်ခေါင်းကို ဝင်တိုက်ပြီး ပျက်ကျသွားသော စက္ကူဝဲစွန်လေး။ ကိုယ် ငုံ့ကောက်ယူလိုက်စဉ်မှာပဲ ...

"ဟော့ ... သူများပစ္စည်းကို ဘာလုပ်တာလဲ ... "

အသံက သေးသေးစူးစူးကလေး။ အဲဒီ အသံပိုင်ရှင်ဆီ ကိုယ် ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။ ကိုယ် တစ်ခါမှ မမြင်ဘူးခဲ့သည့် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရ၏။ ကိုယ့်ရင်ထဲမှာ ဘာဖြစ်သွားတယ် မဆိုနိုင်ဘူး။ တစ်ခုခုတော့ ဖြစ်သွားသည်။ (အဲဒီ တစ်ခုခုက ကိုယ့်အိမ်ပြန်ရောက်သွားတော့ ပိုသေချာသွားခဲ့ပါသည်။)

"ဩော် ... ဒါ မင်းပစ္စည်းလား ... အဲဒါဆိုရော့လေ"

ကိုယ်က လက်ထဲမှ စက္ကူဝဲစွန်လေးအား သူမထံ ကမ်းပေးလိုက်၏။ သူမ လှမ်းယူမယ်အလုပ် ...

www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ … အဲဒီလို လွယ်လွယ်နဲ့ ဘယ်ရလိမ့်မလဲ"

နဂိုကတည်းက တင်းထားသည့် သူမမျက်နှာက ရက်စိတ်ကြောင့် နီရဲသွား၏။ ကိုယ်က သူမကို ပြုံးစစနှင့် ကြည့်နေသည်။

"ရှင် ဒါဘာလုပ်တာလဲ … "

"မင်း ငါ့ကို တောင်းပန်ရမယ် … "

သူမ မျက်လုံးလေး ပြူးကျယ်သွား၏။ ကိုယ့်ကို စိတ်ရှုပ်ထွေးသော အကြည့်ဖြင့် ကြည့်သည်။

"ဘာရှင့် … ရှင်က ဘာမို့လို့ တောင်းပန်ရမှာလဲ … "

"မင်းပစ်လိုက်တဲ့ ဒီစက္ကူစွန်က ငါ့ခေါင်းကို အကြောင်းမဲ့ဝင်တိုက်တယ် … နောက် မင်း ငါ့ကို သူခိုးလို့ ထင်နေတယ်"

"ရှင် ဘာပြောနေတာလဲ … ကျွန်မ ဘာမှမသိဘူး"

သူမ ကိုယ့်စကားကြောင့် အောင့်သက်သက် ဖြစ်သွားပုံရ၏။ ကိုယ် သူမကို ခနိုးမခန့် ပြုံးပြလိုက်ပြီး …

"မင်းရဲ့ ပေါ်ဒီစက္ကူစွန်ကြောင့် ငါ လန့်သွားတယ် … ပြီးတော့ ငါ့ကို သူများပစ္စည်းယူတဲ့လူလို့ မင်း စွပ်စွဲတယ် … အဲဒီအတွက် မင်း ငါ့ကို တောင်းပန်ရမယ် … "

"အောင်မယ် … ရှင့်ကို ဘာဖြစ်လို့ တောင်းပန်ရမှာလဲ၊ ပေးသေး … "

www.burmeseclassic.com

www.burmeseclassic.com



သူမအသွင်က တကာယ့်ကို ကြိုးဝိုင်းထဲရောက်နေသည့် ကျားသစ်မလေးပဲဟု ကိုယ် တွေးဖြစ်သည်။

"မင်း မတောင်းပန်ရင် ငါ့လက်ထဲက ဒီစက္ကူစွန်ကို ငါ ဖြုပ်စ်လိုက်မယ် ... "

ကိုယ် သူမကို ခပ်ညစ်ညစ်လေး ပြောချလိုက်သည်။

"ရှင် မညစ်ပတ်နဲ့နော် ... ရှင့်ကို ဒီစက္ကူစွန်လေးမှန်တာနဲ့ပဲ ဖြစ်နေလိုက်တာ ... လူပုံကိုက ပျော့ဖတ်ဖတ်နဲ့ ... ဒီက မသိလို့ ပြောမိတာကိုလည်း သူနိုးစွပ်စွဲတယ်လေးဘာလေးနဲ့ ... "

ဒီတစ်ခါ ကိုယ် အောင့်သက်သက်ဖြစ်သွားသည်။

"မင်းက ငါ့ကို တောင်းပန်တာလား ... အပြစ်တင်နေတာလား ... "

"ရှင်ကြားတဲ့အတိုင်းပဲ ... "

သူမနှင့် ရန်စကားတွေပြောရတာကို ဘာကြောင့်မှန်းမသိ ကိုယ် ပျော်နေမိသည်။

"ကဲ ... ဒါဆို မင်းလည်း ဒီလိုစက္ကူစုတ်တစ်ရွက်အတွက် ဘာလို့ ငါနဲ့ ရန်ဖြစ်နေရတာလဲ ... "

"ဒါ စက္ကူစုတ် မဟုတ်ဘူးရှင့် ... ဝဲစွန် ... ဝဲစွန် ... နော် ... ရှင် သေချာမှတ်ထား ... ကျွန်မက ကျွန်မပစ္စည်းဆို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပစ္စည်းမှ သူများယူတာ မကြိုက်ဘူး ... ဖျက်ဆီးပစ်ရင် ပို တောင်ဆိုးသေးတယ်”

ကိုယ် ... သူမကိုကြည့်ကာ သနားစိတ်ဝင်လာမိသည်။ ကြည့်စမ်းပါဦး။ သူ့ပစ္စည်း သူ အတင်းပြန်တောင်းနေသော ချစ် စဖွယ် ကောင်မလေးကို ... ။

ကိုယ့်မျက်နှာပေါ်က မထီတရီဟန်တွေကို ကိုယ် ပြန်ခွာ ချပစ်လိုက်သည်။ ထို့နောက် ကိုယ့်လက်ထဲမှ သူမ၏ စက္ကူစွန်လေး ကို ညင်သာစွာ သူမလက်ထဲ ထည့်ပေးလိုက်၏။

“ကိုယ်ကပဲ တောင်းပန်ပါတယ် ... ”

ဒီစကားကို ကိုယ် သန့်သန့်စင်စင်ပဲ ပြောခဲ့ပြီး ကိုယ့်လမ်း ကို ဆက်လျှောက်လာခဲ့သည်။ ကောင်မလေးက ကိုယ့်ကို နား မလည်သလိုငေးရင်း ကျန်ရစ်ခဲ့၏။ သူမလက်ထဲမှာတော့ စက္ကူစွန် လေး။

၁၀-၀၄

www.burmeseclassic.com

www.burmeseclassic.com



(၄)

ကိုယ် ... အဲဒီနေ့က သူငယ်ချင်းတွေကို ကောင်မလေး အကြောင်း မပြောပြဖြစ်ပါ။ ပြီးတော့ လက်ဖက်ရည်ဆိုင်မှာ သိပ် မထိုင်ဘဲ အိမ်သို့ စောစောပြန်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ကောင်မလေး ကိုတော့ ကိုယ် မေ့မရနိုင်ဘဲ ရှိနေသည်မှာ သေချာလွန်းနေခဲ့သည်။

ကိုယ့်အခန်းထဲ ပြန်ရောက်တော့ အိပ်ရာပေါ်မှာလှဲကာ သူမ မျက်နှာကလေးကို မြင်ယောင်နေမိသည်။ နောက် သူမ၏ အသံသေးသေးစူးစူးကလေး။ နောက် သူမ၏ ...

"ဒေါက် ... ဒေါက် ... ဒေါက် ... "

အခန်းတံခါးခေါက်သံကြောင့် ကိုယ့်အတွေးတွေ ပြိုး ပြတ်စွန်လို လွင့်စဉ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သွင်ထူးအောင် ခဏထွက်ခဲ့ဦး ... နင့်ကို အဖေက ခေါ်ခိုင်းလိုက်တယ် ... "

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... လာပြီ မမ ... "

ထူးထူးခြားခြား ဘာများပါလိမ့်ဟု ကိုယ် တွေးမိသည်။ အဖေက သာမန်အချိန်ဆို ဒီလိုခေါ်လေ့ခေါ်ထမရှိ။ ဧည့်ခန်းထဲ ကိုယ် ထွက်လာခဲ့သည်။ အဖေနှင့် မမက စကားပြောနေသည်။ ကိုယ့်ကိုမြင်တော့ သူတို့နှစ်ယောက်စလုံး ပြောလက်စ စကားကို ရပ်ပစ်လိုက်ကြ၏။

"လာ ... သား ... ထိုင်ပါဦးကွ ... "

အဖေက ညင်ညင်သာသာ ပြုံးပြကာ ပြော၏။

"သားကို အဖေ တိုက်ရိုက်ပဲပြောမယ်ကွာ ... "

ကိုယ်ကလည်း အဲဒါမျိုးကို သဘောကျသည်။ ဘာမှန်းမသိ စောင့်မျှော်နေရတာနှင့် နှိုင်းယှဉ်လျှင် အခုလို တိုက်ရိုက်ပြောတာက ပိုကောင်း၏။ သို့သော် အဖေ ဘာပြောမှာလဲ ကိုယ် လုံးဝမသိ။

"သား မလေးရှားသွားအလုပ်လုပ်ရမယ် ... "

အဖေ့ကို ကိုယ် အံ့အားတသင့် ကြည့်မိသည်။

"ဘယ်တော့ သွားရမှာလဲ အဖေ ... "

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ ... သားသဘောတူမှ အဖေတို့က လွှတ်မှာပါ ... "

"နင် ဘာမှ လုပ်စရာမလိုပါဘူး သွင်ထူးအောင် ... ငါ့ အသိတွေ အများကြီးရှိပါတယ် ... "

အစ်မက အားတက်သရော ဝင်ပြောသည်။ အဖေက ...

"အခုချက်ချင်း မင်း မသွားရသေးပါဘူး သားရာ ... ဒီမှာ လုပ်စရာရှိတာတွေ လုပ်ရမှာနဲ့က အနည်းဆုံး ရှစ်လလောက်တော့ ကြာဦးမှာပါ ... "

"သား သွားပါ့မယ် အဖေ ... ဘာပဲဖြစ်ဖြစ် အတွေ့အကြုံ ရတာပေါ့ ... သားလည်း အိပ်လိုက်စားလိုက် လုပ်နေတာ ကြာနေပြီပဲ ... "

"ဘယ်ဆိုးလို့တုန်း ... ငါ့မောင်က ကိုယ့်ကိုယ်ကိုယ် သိသားပဲ ... "

အစ်မက ကိုယ့်ကို နှိပ်ကွပ်သည်။ အဲဒီအချိန်မှာပဲ ကိုယ် သူမကို သတိရမိလိုက်၏။ ပြီးတော့ သူမလက်ထဲက စက္ကူဝဲစွန် ကလေး။

ကိုယ် အလိုလို မောလာသလား အောက်မေ့နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ... အဲဒီကောင်မလေးနဲ့ မင်းနဲ့ စက္ကူပဲ့ဝွန်လေး အတွက် ရန်ဖြစ်ခဲ့ကြတယ်ပေါ့ ... "

သစ်နိုင်က လက်ဖက်ရည်ခွက်ကို ကောက်ကိုင်ကာ ပြော၏။ သူငယ်ချင်းတွေအားလုံးကို ကောင်မလေးအကြောင်း ကိုယ် ပြောပြလိုက်သည်။

"မင်းတို့နှစ်ယောက်စလုံးက ခပ်ပိုပိုတွေပဲကွ ... အဲဒါ ပိုလို့ဖြစ်တာ ... "

"ဘာပိုလို့လဲ ... သစ်နိုင်ရ ... "

သစ်နိုင်က ဆရာကြီးလေသံဖြင့် သုံးသပ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ဒီစက္ကူဝဲစွန်လေး ခေါင်းမှန်တာနဲ့ ပိုနေလိုက်တာ ... ဟိုကလည်း ဒီစက္ကူဝဲစွန်လေးတစ်ခုကိုပဲ မင်းဆီက အသည်းအသန်ပြန်တောင်းနေတာ ... အဲဒါကလည်း သူပိုတာ ... အဲဒီတော့ မင်းတို့က ကိုပိုနဲ့ မယ်ပိုပဲ ... ရှင်းပြီလား ... "

"မင်းပြောသလို ပိုတယ်ပဲထားပါ ... ဘာဖြစ်လို့ သူက အဲဒီ ဝဲစွန်လေးကိုပဲ အတင်းပြန်တောင်းရတာလဲ ... "

သစ်နိုင်အပြောကို ကိုမိုးက ဝင်မေး၏။

"ဒီကိစ္စက အခြေခံကျကျ တွေးခေါ်ပြီး ပြောရမယ်ဆိုရင် ... "

တစ်ချိန်လုံး ငြိမ်နေသော တိုးဝင်းက ခုမှ တစ်စခန်းထလာ၏။ ကိုယ်ကလည်း ...

"ပြောစမ်းပါဦး မင်းအမြင် ... "

"အေး ... ပြောရရင်တော့ အစွဲအလမ်းပဲကွ ... "

"မင်းဟာက ဘာဆိုင်လို့လဲကွ ... "

တိုးဝင်းကို ကိုမိုးက စိတ်မရှည်သလို မေးသည်။

"နေပါဦး ... ငါ့စကား မဆုံးသေးဘူးကွ ... ဒီလိုကွာ ဒီမယ် ... ဒီကောင် သွင်ထူးအောင်ကိုကြည့် ... "

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုကြည့်ရမှာလဲ ... "

သစ်နိုင်က ကိုယ့်ကို ကြောင်တောင်တောင် ကြည့်ပြီး တိုးဝင်း စကားကိုဖောက်၏။ တိုးဝင်းက လက်ကာပြရင်း ...

"နေပါဦးကွာ ... ဒီကောင့်ကို ငါတို့ပေါင်းသင်းလာတာ ကြာပြီ ... ဒီကောင် သွင်ထူးအောင်က ပုံမှန်အတိုင်း ထင်ရပေမဲ့"

အားလုံးက ကိုယ့်ကို ဝိုင်းကြည့်ကြ၏။ အဓိပ္ပာယ်က ကိုယ်ကပဲ တစ်ခုခုပဲ ဖြစ်နေသလိုလို။

"တကယ်တော့ ... ဒီကောင်က အစွဲအလမ်း အရမ်းကြီး တယ်ကွ ... တခြားမကြည့်နဲ့ ... ဒီလက်ဖက်ရည်ဆိုင်မှာ နေရာ တွေ အများကြီးရှိပါလျက်နဲ့ ဒီနေရာမှ ဒီနေရာပဲ ... ဒီကောင် ထိုင်တာ ... ပြီးတော့လည်း သောက်လိုက်ရင် အမြဲတမ်းပေါ့မိန် ပဲ ... တခြား ငါတို့သိသေးတဲ့ အစွဲကြီးမှုတွေ ဒီကောင့်မှာ ရှိသေး တယ် ... ဥပမာ ကြိုက်လွန်းတဲ့ ဂျင်းဘောင်းဘီတစ်ထည်ဆိုရင် ဘယ်လောက်ညစ်ပတ်နေနေ တစ်လလုံးလုံး မချွတ်ဘဲနေတာမျိုး ဟိုတစ်နေ့ကလို သူသိချင်တဲ့ မေးခွန်းတစ်ခုကို မဖြေမချင်း မေး တတ်တာမျိုးပေါ့ကွာ ... ဟိုကောင်မလေးကလည်း ဖြစ်ချင်တော့ ဒီကောင့်လိုပဲ ဖြစ်နေတော့ ... ရန်ဖြစ်တော့တာပေါ့ကွာ ... "

www.burmeseclassic.com



တိုးဝင်းပြောမှပဲ ကိုယ့်အကြောင်းကိုယ် သေချာပြန်သိရတော့သည်။ ကိုယ်က ...

"ကဲ ... မင်းပြောတဲ့ ငါ့အကြောင်းကတော့ ထားပါ ... အဲဒီကောင်မလေးက အစွဲကြီးတယ်ဆိုတာ ဒီကိစ္စလောက်နဲ့ မင်းဆုံးဖြတ်လို့မရဘူးလို့ ငါ ထင်တယ် တိုးဝင်း ... "

"သိပ်ရတာပေါ့ သွင်ထူးအောင် ... "

အနိုင်အပိုင် အပြုံးမျိုးကို တိုးဝင်း ပြုံးသည်။ ပြီးမှ ...

"မင်းတို့အားလုံး မသိတာက ... အဲဒီကောင်မလေးကို ငါ ကောင်းကောင်းသိနေတယ်ဆိုတာပဲ ... "

ကိုယ်တို့အားလုံး တိုးဝင်းကို ကြည့်မိလိုက်ကြ၏။ ကိုယ်လည်း တိုးဝင်းကို မှင်သက်စွာကြည့်ရင်း အကြံတစ်ခု ခေါင်းထဲဝင်လာမှ လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာရသည်။

"အဲဒါဆိုရင် အဲဒီကောင်မလေးအကြောင်း ငါ့ကို ပြောပြစမ်းပါ တိုးဝင်း ... "

တိုးဝင်းက ကိုယ့်ကိုမကြည့်ဘဲ လက်ဖက်ရည်ပိုင်းကို ဈေကိစပစ်ပြ၏။ ကိုယ် သိလိုက်ပြီ။ ဒီကောင် ညစ်ပြီဆိုတာ။

အဲဒီနေ့က လက်ဖက်ရည်ဖိုးတစ်ပိုင်းလုံးစာ ကိုယ် ရှင်းခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။ ဒါပေမဲ့ ထိုက်တန်ပါသည်။ ကောင်မလေးအကြောင်း ကိုယ် သိခွင့်ရခဲ့သည် မဟုတ်လား။ အိမ်ပြန်ရောက်တော့ ဗလာ စာအုပ် တစ်အုပ်ဝယ်ကာ ကိုယ် အလုပ်ရှုပ်နေခဲ့သည်။ ကိုယ့် အခန်းထဲမှာ ဗလာစာအုပ်တစ်အုပ်စာ စက္ကူဝဲစွန်ကလေးတွေ။

 

www.burmeseclassic.com

www.burmeseclassic.com



(၅)

ပန်းသစ္စာ။

နာမည်လေးကစပြီး သူမ၏ ပြုမူ နေထိုင်တွေးခေါ်မှုတွေ အဆုံးထိ ကိုယ် စိတ်ဝင်စားသည်။ သူမမှာ ကိုယ့်လိုပဲ အစွဲအလမ်း ကြီးမှုတွေရှိသည်။ ကိုယ်နှင့် စတင် ကြုံဆုံခဲ့စဉ်ကလို ဘာမဟုတ်သည့် စက္ကူပဲစွန်လေးအပေါ် တွယ်တာမှုမျိုး သူမ တက်ရောက်ခဲ့ဖူးသော အင်္ဂလိပ်စကားပြောသင်တန်းတွင် သူမက နေရာတစ်ခုတွင် အမြဲတမ်း ထိုင်နေတတ်တာမျိုး (ထိုသင်တန်းမှာ ကျောင်းကလည်း တက်ခဲ့ဖူး သည်။) သင်တန်းတက်ရင်း ပီကေကို …ကာလေးတန်မှဲ့ အမြဲဝါးနေတတ်တာမျိုး၊ အဝတ်အစားဝတ်

www.burmeseclassic.com

www.burmeseclassic.com



လျှင် အဖြူရောင်ကိုပဲ ရွေးချယ်ဝတ်ဆင်တတ်ခြင်းမျိုး (ကိုယ်နှင့် တွေ့စကလည်း အဖြူရောင်ကိုပဲ ဝတ်ဆင်ထားသည်။)

နောက်ပိုင်းရက်များတွင် သူမနှင့် စတင်ဆုံဆည်းခဲ့ရာ လမ်းကလေးဆီသို့ ကိုယ် နေ့စဉ်လိုလို ရောက်ဖြစ်သော်လည်း သူမကို ရှာမတွေ့ခဲ့ပါ။ တိုးဝင်းပြောသော စကားအတိုင်းဆိုလျှင် သူမ၏ အိမ်က ဒီနားမှာပဲရှိသည်။ သူမက တစ်ဦးတည်းသော သမီးဖြစ်တာလည်း ကိုယ် သိခဲ့ရ၏။

ကိုယ်က သူမနှင့် တွေ့ခဲ့သည့် လမ်းကလေးကို ရောက်တိုင်း စက္ကူပဲ့စွန်ကလေးတွေကို မမေ့မလျော့အမြဲဘဲ ယူဆောင်လာခဲ့ပါသည်။ ကိုယ် လမ်းကလေးကို သွားနေခဲ့သည့် ငါးရောက်မြောက်သောနေ့မှာပဲ သူမကို ပြန်လည်တွေ့ခွင့် ကြုံခဲ့သည်။ ကိုယ် မရောက်ခင်မှာ သူမက အရင်လမ်းကလေးကို ရောက်နေခဲ့ပါသည်။

"ဟော့ ... မင်း အခုလွှတ်လိုက်တာ ကိုယ့်စက္ကူပဲ့စွန်လေးပဲ ... "

ကိုယ့်အသံကြောင့် သူမကိုယ်ကလေး ဆတ်ခနဲ တုန်ပြီး လန့်သွားသည်။

"အို ... လန့်လိုက်တာရှင် ... အသံမပေး ဘာမပေးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲကွာ ... "

"ဩော် ... ရှင်က ဟိုလူပဲ ... ဒါနဲ့ စောစောက ရှင်ပြော လိုက်တာ ဘာဖြစ်တယ် ... "

သူမ ချက်ချင်း ကိုယ့်ကို မှတ်မိသွား၏။

"ဒီမှာလေ ... "

ကိုယ့်လက်ထဲမှ စက္ကူဝဲစွန်လေးတွေကို သူမအား ပြ လိုက်သည်။ သူမ ကိုယ့်ကို နားမလည်သလိုကြည့်၏။

"အဲဒါတွေက ... "

"ဟိုလေ ... စောစောက ကိုယ် ဒီဘက်ကို ဝဲစွန်တစ်ခု စစ်လိုက်တယ် ... အဲဒါ ပြန်လာကောက်တော့ မင်း လွှတ်လိုက် တာ တွေ့လိုက်တယ် ... "

"ဘာရှင့် ... "

"ဒီလိုလေ ... မင်းအနေနဲ့ အခုလိုမျိုး သူများပစ္စည်းကို ပိုင်စိုးပိုင်နင်း လုပ်တတ်တာ ဘယ်ကောင်းပါ့မလဲ ... "

"ကျွန်မလည်း ဘယ်သိပါ့မလဲရှင် ... ဒီအပင်ခွကြားမှာ တင်နေတာနဲ့ ယူလွှတ်မိလိုက်တာပါ ... "

တကယ်တော့ ... ကိုယ်က စက္ကူဝဲစွန်လေးတွေကို ဒီ

www.burmeseclassic.com

www.burmeseclassic.com



လမ်းဝဲယာရှိ အပင်တွေတိုင်းပေါ်တွင် မနေ့ကတည်းက တစ်ခုစီ တင်ထားခဲ့တာဖြစ်၏။

"ရှင်က ဘာကိစ္စနဲ့ ဒီလို ကလေးကလားတွေ လုပ်နေရ တာလဲ ..."

ကိုယ့်ကို သူမ အပီအပြင် ပြန်ပက်သည်။ ကိုယ်က သူမ၏ မျက်လုံးတွေထဲ စိုက်ကြည့်ကာ ...

"ကိုယ် အရင်ကတော့ အဲဒီလို မဟုတ်ပါဘူး ... ဒါပေမဲ့ အကြွေးကလေးရှိနေတော့ ..."

"ဩော် ... ရှင်က ကျွန်မကို ပြန်ပြီး လက်စားချေတာပဲ ယောက်ျားဖြစ်ပြီး အငြိုးကလည်း ကြီးလိုက်တာ ..."

"အငြိုးကြီးတာ မဟုတ်ဘူး ..."

သူမ ကိုယ့်ကို မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

"ဒါဖြင့် ဘာလဲ ..."

"အစွဲအလမ်းကြီးတာ ..."

ပထမဆုံးအနေဖြင့် သူမမျက်နှာပေါ်မှာ ရှက်ရိပ်ဖြာသွား တာ ကိုယ် မြင်လိုက်ရသည်။ ချစ်စရာကောင်းလိုက်တဲ့ မျက်နှာ လေး။

"ကျွန်မက ရှင့်ကို တောင်းပန်ရမှာလား ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မဟုတ်ဘူး ..."

သူမမျက်နှာက စဉ်းစားရခက်သွားပုံမျိုး ဖြစ်သွားသည်။

"ကျွန်မ သွားတော့မယ် ..."

"နေပါဦး ... မင်း ကိုယ့်ကို အကြွေးပေးရဦးမယ်လေ"

လှည့်ထွက်ရန်ပြင်နေသည့် သူမခြေလှမ်းတွေ ပြန်လည် ရပ်တန့်သွားသည်။

"ဘာအကြွေးလဲ ... ရှင်ပဲ မတောင်းပန်နဲ့ဆို ..."

"ဟုတ်တယ် ... ကိုယ့်ကို မင်း မတောင်းပန်ပါနဲ့ ... ကိုယ်လိုချင်တာ မင်းဆီက ခင်မင်ခွင့်ပါ ..."

တစ်ခုခုကို ရိပ်မိပုံမျိုး သူမ ပြုံးသည်။ ပြီးတော့ သူမ လှည့်ထွက်သွား၏။ ကိုယ်ငေးပြီး ကျန်ရစ်ခဲ့ရသည်။ ကိုယ့်ရင်ထဲမှာ မေးခွန်းတွေက တောင်ပံ့ယာပုံဆိုသော စကားအတိုင်း။

"ဟင် ..."

ကိုယ် အံ့ဩသွားသည်။ သူမက ကိုယ့်ကို ခပ်လှမ်းလှမ်း ရောက်မှ လှည့်ကြည့်သောကြောင့် ဖြစ်သည်။ သူမက လှည့်ကြည့် ရုံတင်မဟုတ် ကိုယ့်ကို စကားလှမ်းပြောလိုက်သေးသည်။

"ရှင် တစ်နေ့တစ်နေ့ ဒီကိုလာပြီး ဝဲစွန်တွေနဲ့ အလုပ်ရှုပ် နေတာ မပင်ပန်းဘူးလား ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။ သူမက ကိုယ် ဒီလိုနေ့တိုင်းလာတာ သိနေသည်ပေါ့။ ရှက်တတ်ရင် သေဖို့ကောင်းလိုက်တာ။ ဒါပေမဲ့ ကိုယ်က မရှက်တတ်တော့ ခက်သည်။ ဒီအတိုင်း ပြောင်ပြောင်ပဲ ရပ်နေလိုက်၏။

"အင်း ... ရှင်က ဖွဲ့တော့ရှိသားပဲ ... လိမ်ပြောတတ်တာ လေးတစ်ခုပဲ ... အဲဒါကတော့ တော်တော်ဆိုးတယ် ... "

ကိုယ်က သူမကို မနေ့က တင်ထားခဲ့သည့် စက္ကူပဲ့စွန်အား စောစောကမှ ပစ်လိုက်တာပါဟု ညာပြောခဲ့သည် မဟုတ်လား။ အခုမှတော့ မထူးတော့ပြီမို့ ကိုယ် ဒီအတိုင်း ပြောင်ပြောင်ပဲ ဆက်ရပ်နေလိုက်သည်။

"ရှင် မနက်ဖြန် ထပ်လာခဲ့လေ ... ကျွန်မနဲ့အတူ စက္ကူပဲ့စွန် ပြိုင်လွှတ်ကြတာပေါ့ ... "

ပြောပြီး သူမ လှည့်ထွက်သွားတော့သည်။ ဒီတစ်ခါ တကယ့်ကို လှည့်မကြည့်တော့။ မနက်ဖြန် ထပ်လာခဲ့ဆိုပါလား။ ဒါဆို ... ။ ကိုယ် ပျော်ရွှင်သွားသည်။

အိမ်ကိုပြန်သောအခါ လမ်းကလေးက အရင်ကထက် ပို ငြိမ်းချမ်းနေသလို ကိုယ် ခံစားရလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



(၆)

သူမနှင့် ကိုယ် ချစ်သူဘဝရောက်သွားချိန်တွင် ကမ္ဘာလည်မှန်းမသိဘဲ မေ့လျော့နေချိန်ဖြစ်၏။ ကိုယ်တို့နှစ်ယောက်စလုံးသည် တစ်ယောက်တည်းသာ ဖြစ်ပါသည်။ သူမ မြင်မက်, သော အိပ်မက်ကို ကိုယ်က ပြောပြပြီး ကိုယ်မျှော်လင့်သည့် စိတ်ကူးများက သူမ၏ ယုံကြည်မှု ဖြစ်လေသည်။

"အောင် ... "

"ပြောလေ သစ္စာ ... "

"အောင် ရွေးထားတဲ့ နေရာလေးကို သစ္စာလည်း ကြိုက်တယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ကိုယ်လည်း သစ္စာဝယ်ပေးထားတဲ့ နာရီလေးကို ကြိုက်တယ် ... "

ကိုယ်တို့နှစ်ယောက်ကို မြင်သူတိုင်း ကိုယ်တို့၏ လိုက်ဖက်ညီမှုကို အံ့သြငေးမောယူရကာ ကိုယ်တို့စုံတွဲက သေးငယ်သော ကိုယ်တို့မြို့ကလေးတွင် တစ်စတစ်စ လူသိများလာတော့၏။

"အောင် ... "

"ပြောလေ သစ္စာ ... "

"သစ္စာတို့နှစ်ယောက်အကြောင်းကို မေမေက သိသွားပြီ ... "

"ကိုယ့်အစ်မလည်း ကိုယ်နဲ့ သစ္စာ ဟိုတစ်နေ့က ရုပ်ရှင်ရုံထဲက အတူထွက်လာတာကို မြင်လိုက်တယ်လို့ပြောတယ် သစ္စာ"

နူးညံ့သန့်စင်သော ချစ်ခြင်းတွင် ကိုယ်တို့နှစ်ယောက်၏ ဝိညာဉ်များ ခွဲခွာမရအောင် ပေါင်းဆုံသွားခဲ့ကြပြီဖြစ်သည်။

၁၀၀၄

www.burmeseclassic.com

www.burmeseclassic.com



သစ္စာက … မြို့ထဲက ကုမ္ပဏီတစ်ခုတွင် ကိုယ်တို့နှစ်ယောက်၏ အနာဂတ်အအတွက် အလုပ်စဝင်သည်။ ကိုယ်က ကိုမိုးနှင့်အတူ အိမ်၊ ရုံး၊ ကျောင်းတို့တွင် ပုဂ္ဂလိက လျှပ်စစ်တပ်ဆင်ရေးလုပ်ငန်း လိုက်လုပ်သည်။

“တစ်နေ့တစ်နေ့ အလုပ်ပင်ပန်းခဲ့သမျှ ခုလို ညနေမျိုး သစ္စာနဲ့တွေ့မှပဲ အမောပြေတော့တယ်ကွာ … ”

“သစ္စာလည်း ဒီလိုပါပဲ အောင်ရယ် … ”

“ကိုယ်ကတော့ကွာ … အခုနေ ငွေထုပ်ကြီးသာကောက်ရရင် သစ္စာဆီ တန်းပြေးလာမှာပဲ … ”

“ဘာဖြစ်လို့လဲ အောင် … ”

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာကို လာတောင်းမှာပေါ့ ... "

ကိုယ်တို့နှစ်ယောက်၏ ရည်ရွယ်ရာမှာ လာမည့်နှစ် ၃နှစ်အတွင်း လက်ထပ်ကြရန်ဖြစ်ပါသည်။ ထို့ကြောင့် အခုလိုအချိန်တွင် ကိုယ်တို့ လိမ္မာပါးနပ်ရန် လိုအပ်မှန်း နှစ်ယောက်စလုံး သိနားလည်ထားကြ၏။ သိနားလည်ထားသည့်အတိုင်းလည်း ကိုယ်တို့ ကျင့်ကြံကြဖို့ လိုပါလိမ့်မည်။

"အောင်က သစ္စာကို လာတောင်းမယ်ဆိုမှ သတိရတယ် ... "

"ဘာများလဲ သစ္စာ ... "

"အောင့်ကို သစ္စာမေမေနဲ့ တွေ့ပေးရမယ်လေ ... အဲဒါခု လာမဲ့ စနေနေ့လို့ သတ်မှတ်ထားတယ် ... "

"ဟုတ်လား ... တိုက်ဆိုင်လိုက်တာကွာ ... ကိုယ်ကလည်း သစ္စာကို မိသားစုနဲ့ တွေ့ပေးဖို့ ဒီရက်ထဲ သတ်မှတ်ထားတာ ... "

"ဒါဆို အောင်နဲ့ သစ္စာ တစ်ယောက်တစ်လှည့်စီပေါ့"

"အင်း ... ကိုယ်ကအရင် သစ္စာတို့အိမ် လိုက်တွေ့မယ်နော်၊ နေပါဦး ... အဲဒီအတွက် ကိုယ် ဘာတွေပြင်ဆင်ထားရမလဲ"

"တစ်ခုပါပဲ အောင်ရဲ့ ... ဒီရှည်နေတဲ့ ဆံပင်တွေ ဖြတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက် ... ကြည့်ကောင်းအောင်ပေါ့ ... ဒါနဲ့ အောင် ... သစ္စာရော ဘာပြင်ဆင်ထားရမလဲ ... "

"မလိုပါဘူးကွာ ... ကိုယ့်ရဲ့သစ္စာက ပြည့်စုံပြီးသားပါ"

နေသားတကျ ပျော်ဝင်နေသည့် ပန်းခရမ်းရောင် နံနက်ခင်း များက ကိုယ်တို့နှစ်ယောက်အတွက်ဖြစ်၏။ ကိုယ်တို့၏ ချစ်မြတ်နိုးမှုကို ကိုယ်တို့နှစ်ယောက်သာ သိမ်းပိုက်ခွင့်ရသည့် အတွက်ကြောင့် တစ်စုံတစ်ရာကို ကျေးဇူးစကားဆိုရမည်လား မသိပါ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ခေါင်းပေါ်မှ ရှည်လျားစပြုနေသည့် ဆံပင်များကိုတော့ ကြည့်ကောင်းအောင် ညှပ်ရပါလိမ့်ဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



(၇)

"မင်းက ဘာနဲ့ ကျောင်းပြီးထားတာလဲ ... "

"ကျွန်တော် G.T.I(EP)နဲ့ပါခင်ဗျ ... "

ကိုယ့်ကို သစ္စာ၏မေမေက မေးနေကျ မေးခွန်းတွေကိုပဲ မေးပါသည်။ ဒါပေမဲ့ သစ္စာ၏မေမေကို ကြည့်ရတာ တစ်မျိုးပဲဟု ကိုယ် ထင်မိသည်။ အထူးသဖြင့် ကိုယ့်ကိုကြည့်သော မျက်လုံးတွေကို။

"မင်း ... သမီးကို တည့်အောင်ပေါင်းသင်းနိုင်တဲ့အတွက် သမီးအတွက် သူငယ်ချင်းကောင်းရတာပေါ့ကွယ် ... "

www.burmeseclassic.com

www.burmeseclassic.com



သစ္စာက ကိုယ့်ကို ပြောပြထားတာက ချစ်သူတွေအဖြစ် သစ္စာမေမေက လက်ခံစကားပြောမှာ မဟုတ်လား။ ခုတော့ ဘာဖြစ်လို့ပါလိမ့်။

"အောင်က သမီးနဲ့ ချစ်သူဖြစ်နေပါပြီ မေမေ ... "

"သမီး ... သစ္စာ ... "

သစ္စာ၏မေမေ မျက်နှာပျက်သွားတာ ကိုယ် မြင်လိုက်၏။ သစ္စာ၏အသွင်ကတော့ တစ်ခုခုကို မကျေမနပ် ဖြစ်နေပုံရသည်။ ကိုယ်လည်း စိတ်ဓာတ်တွေ အရည်ပျော်မသွားအောင် ခနည်းထိန်းနေရ၏။

"သမီး ... မေမေ အခု အရမ်းအလုပ်များနေတယ် ... သမီး ဧည့်သည်ကို လိုက်ပို့လိုက်ပါတော့ ... "

"မေမေ ... "

သစ္စာအသံက ရှိုက်ငင်းစွဲထက် ပိုကျယ်သွားသည်။ အခြေအနေက ကိုယ်ဝင်ပါမှ ဖြစ်တော့မည်ကို နားလည်မိသည်။

"ရပါတယ် သစ္စာ ... အန်တီ အခု မတွေ့ချင်သေးရင်လည်း ကိုယ် ပြန်ပါ့မယ် ... နောက်တစ်ခါ ထပ်တွေ့ဦးမှာပဲ ... "

ကိုယ်ပြောပြီး ထရပ်လိုက်သည်။ သစ္စာ၏မေမေက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ဒေါသဖြင့်ကြည့်၏။ ဘာမျှတော့မပြော။ နောက်တော့ သစ္စာက ကိုယ့်ကို လိုက်ပို့ပေးသည်။ ကိုယ့်ချစ်သူ သစ္စာ၏ ပါးပြင်ပေါ်မှာက မျက်ရည်စက်လေးများ။

www.burmeseclassic.com

www.burmeseclassic.com



# ၉

“သမီး ... ဒီအိမ်ကို ကိုယ့်အိမ်လိုပဲ ဝင်ပါထွက်ပါနော် ... ဒီကအစ်မကိုလည်း ကိုယ့်အစ်မလိုပဲခေါ်ပါ ... ဘာမှ အားနာစရာ မလိုဘူးနော် ... ဟုတ်ပြီလား ... ”

ကိုယ့်ဖေဖေက သစ္စာကို နူးညံ့စွာပြုံးပြပြီး ပြော၏။ ထို အပြုံး၏နောက်တွင် ဖဲတစ်ချပ်ဝှက်ထားမှန်း ကိုယ် အသိနောက် ကျခဲ့ရပါသည်။

“ညီမလေးက ချစ်စရာလေးပဲ ... ပုံစံကြည့်ရတာ တို့ မောင် သွင့်ထူးအောင်ကို အလိုလိုက်ပေးနိုင်မယ်ထင်တယ် ... ”

ကိုယ့်အစ်မ စကားတွေက နည်းနည်းဆန်းနေသည်ဟု ကိုယ် ထင်မိပါသည်။ ကိုယ့်ညီတစ်ယောက်ပဲ ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက တော်တာပဲ ... ဒီလို မမချောချောလေးကို ရတာ၊ ညီညီတောင် အားကျသလိုရှိလာပြီ ... "

"ဇင်ထူးခေါင် ... သွားစမ်း ... အခန်းထဲသွားပြီး စာကျက်စမ်း ... နင် ဒီနှစ်ဆယ်တန်းနော် ... "

ကိုယ့်အစ်မကိုတော့ ကိုယ့်ညီက လန့်ရသည်။ အခန်းထဲမှ ခပ်ကုတ်ကုတ်လေး ထွက်သွားရှာသည်။ ကိုယ် သစ္စာကို ကြည့်လိုက်တော့ သစ္စာက ပကတိတည်ငြိမ်စွာပင်ရှိ၏။

"ဒါနဲ့ သမီး ... "

"ပြောပါ အန်ကယ် ... "

"နှလုံးရောဂါအခံရှိတဲ့ မိန်းကလေးတစ်ယောက်က ကိုယ် ဝန်ဆောင်လို့ သင့်တော်ပါ့မလား ... ရခဲ့ရင်လည်း ကလေးက ကျန်းမာနိုင်ပါ့မလား ... "

"ရှင် ... "

ကိုယ့်ဖေဖေက ဘာကြောင့် ဒီလိုမျိုး သစ္စာကို ပြောရတာလဲ။ တစ်ခုခုတော့ လွဲမှားနေပြီ။

"ဒီလိုလေ သမီးရဲ့ ... အန်ကယ်က သားကို မလေးနဲ့တွဲ ဖို့ စီစဉ်ထားတယ် ... သားကလည်း သဘောတူထားတယ် ...

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်တို့အနေနဲ့ သားကို ကျန်းမာတဲ့ မိန်းကလေးတစ်ယောက်နဲ့ အဲဒီကပြန်ရင် နေရာချထားပေးချင်တာ ... ”

အရာရာဟာ ကြောက်စရာကောင်းလောက်အောင် ကိုယ် တို့နှစ်ယောက်အတွက် ခါးသီးနေချိန်ပဲဖြစ်မည်။ ကိုယ်တို့ဘက်က လိုချင်တာရဖို့ တစ်ခုခုတော့ ပြန်ပေးဆပ်ရမည်။ ထိုအတိုင်းပင် ကိုယ်နှင့် သစ္စာ တွေးခေါ်ပုံချင်း တူညီခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၈)

သစ္စာမှာ နှလုံးရောဂါရှိတာ ဒီတစ်မြို့လုံးသိပြီးသားကိစ္စပဲ ဖြစ်သည်။ ဘာမှ သိပ်အရေးကြီးသည်ဟု ကိုယ် မထင်ပါ။ မည်သို့ပင်ဖြစ်စေ ဒီလိုနှစ်ဖက်မိဘတွေက လက်မခံချင်ဘူးဆိုတော့ ကိုယ်တို့ ခြေလှမ်းတွေက တစ်ယောက်ဆီတစ်ယောက်လှမ်းဖို့ တွန့်ဆုတ်မသွားသည့်အပြင် တစ်ယောက်ရင်ခွင်ထဲ တစ်ယောက်တိုးဝင်ဖို့ ပိုပြီး ဆာလောင်လာပါသည်။

"ငါ သစ္စာကို ခိုးပြေးမယ်ကွာ ..."

"သွင်ထူးအောင် ... မင်းနဲ့တော့ ခက်ပြီ ..."

တိုးဝင်းက မဆိုင်သည့်စကားကို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ကွာ ... ငါတို့ ကူညီမယ် ..."

ကိုမိုးနှင့် သစ်နိုင်ကတော့ ဒီကိစ္စမျိုးဆို ကူညီဖို့ လိုလို လားလားဖြစ်နေသည်။

"စောစောက မင်းစကားက ဘာအဓိပ္ပာယ်လဲ တိုးဝင်း"

ကိုယ် စိတ်ရှုပ်ထွေးစွာဖြင့် မေးမိ၏။

"ဘာမှမဟုတ်ပါဘူး ... မင်းတို့နှစ်ယောက် အချိန်စောင့် လို့ မရတော့ဘူးလား ..."

"အစကတော့ ... နောင်နှစ်လောက်မှပဲလို့ ထင်ထား တာ၊ ဒါပေမဲ့ အခုတော့ မရတော့ဘူး ..., ငါတို့ကို အခုကတည်းက မိဘတွေက ခွဲဖို့ကြံနေကြပြီ ... ခုဆို ငါ သစ္စာနဲ့ မတွေ့ရတာ သုံး ရက် ရှိသွားပြီ ..."

"အေးလေ ... မင်းတို့ ဆုံးဖြတ်ပြီးရင်လည်း ပြီးတာပဲ၊ ငါတို့ သူငယ်ချင်းတွေကတော့ ကူညီပေးဖို့အသင့်ပဲ ..."

ဒီလိုနှင့် အကြံအစည်အတိုင်း အကောင်အထည်ဖော်ဖို့ ကိုယ်နှင့် သစ္စာ တိုင်ပင်ကြသည်။ ဒီကိစ္စအတွက် ကိုယ့်သူငယ်ချင်း တွေကလည်း လိုအပ်တာမှန်သမျှ ကူညီပေးကြသည်။

ကိုယ်တို့၏ ချစ်ခြင်းအတွက် ကိုယ်တို့ ဒီလိုပဲ တိုက်ယူ မှသာ ရနိုင်မည်ဟု ကိုယ်တို့ ယုံကြည်ထားကြသည်။ သစ္စာက

www.burmeseclassic.com

www.burmeseclassic.com



နဂိုအတိုင်း အိမ်မှာပင် မှင်မပျက် ဆက်နေသည်။ ကိုယ်ကတော့ သူငယ်ချင်းတွေနှင့် အရာရာအဆင်ပြေဖို့ ဆောင်ရွက်ရ၏။ ထိုသို့ဖြင့် သတ်မှတ်ထားသည့်ရက်ကို ရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၉)

ကံတရားက ကိုယ့်ဘက်မှာရှိခဲ့ပြီ။ ကိုယ် သစ္စာကို မတွေ့ရပေမဲ့ အလွန်ပျော်နေသည်။ သူငယ်ချင်းတွေကလည်း ဒီသတင်းကိုကြားတော့ ကိုယ့်အတွက် ဝမ်းသာပေးကြ၏။ ဒီအတွက် သစ္စာနှင့် နှစ်လလောက်မတွေ့ရလည်း ကိုယ် နေနိုင်ပါသည်။

သစ္စာကို ခိုးပြေးဖို့ သတ်မှတ်ထားသည့်နေ့က ချိန်းဆိုထားသည့်နေရာသို့ သစ္စာရောက်လာခဲ့ပါသည်။ ဒါပေမဲ့ သူမတစ်ယောက်တည်းမဟုတ်။ သစ္စာ၏မေမေပါ ပါလာသည်။ ကိုယ်အခြေအနေကို နားမလည်ဘဲ ရှိနေခဲ့သည်။ သစ္စာ၏မေမေက ...

"မောင်သွင်ထူးအောင်ကို အန်တီ စကားနည်းနည်းပြောပါရစေ ... "

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ အန်တီ ... "

"မောင်သွင်ထူးအောင်နဲ့ အန်တီ့သမီးကို အန်တီ သဘောတူလိုက်ပါပြီ ... "

"ခင်ဗျာ ... "

"ဟုတ်တယ် မောင်သွင်ထူးအောင်၊ ဒါပေမဲ့ ... မောင်သွင်ထူးအောင်ဘက်ကတော့ ... မိဘနဲ့တကွ လာရောက်တောင်းရမ်းယူဖို့ လိုလိမ့်မယ်ကွဲ့ ... "

"ဪ ... ဟုတ်ကဲ့ ... "

ကိုယ် သစ္စာကို လှမ်းကြည့်မိတော့ သစ္စာ ခေါင်းငုံ့ထားသည်။ သို့သော် သူမ ပျော်နေမှန်း ကိုယ် သိနေသည်။

"အန်တီ့ဘက်က မောင်သွင်ထူးအောင်ကို တစ်ခုတော့ ပြန်တောင်းဆိုချင်တယ် ... "

"ဘာများလဲ အန်တီ ပြောပါ ... "

"လူကြီးချင်း စကားပြောလို့ အဆင်ပြေရင် လာမယ့်လမှာ လက်ထပ်ပေးပါ့မယ် ... အဲ ... တစ်ခုပဲ ... လက်မထပ်ခင် အချိန်ထိ မောင်သွင်ထူးအောင်နဲ့ သမီးနဲ့ မတွေ့ဘဲ နေပေးကြဖို့ပါ"

ကိုယ် ကြောင်သွားသည်။ ချက်ချင်းပဲ သစ္စာ၏မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



ဆွဲပြီး ခပ်လှမ်းလှမ်းကို ကိုယ် ခေါ်သွားသည်။ သစ္စာနှင့် ကိုယ် စကားအများကြီး ပြောဖြစ်ခဲ့သည်။ နောက်ဆုံး ... ကိုယ်တို့နှစ် ယောက် သစ္စာ မေမေ၏ စကားအတိုင်း လိုက်နာဖို့ ဆုံးဖြတ်လိုက် ကြသည်။

၆၀၀

www.burmeseclassic.com

www.burmeseclassic.com



အားလုံးအဆင်ပြေပါသည်။ သစ္စာနှင့် မတွေ့ရပေမဲ့ လက်ထပ်ဖို့က အဆင်သင့်ဖြစ်နေပြီ။ ကိုယ့်မှာ သစ္စာနှင့် ဆုံရမည့် လက်ထပ်ရန် လိုမည့်နေ့အား လက်ချိုးရေရင်း စောင့်နေမိသည်။

ကိုယ့်အဖေနှင့် ကိုယ့်အစ်မကလည်း ကိုယ့်ကို အရင်ကလို သစ္စာနှင့်ပတ်သက်ပြီး အပြစ်မရှာကြတော့ပေ။ သူတို့အနေနှင့် ဒီတိုက်ပွဲတွင် အရေးနိမ့်သွားမှန်း သိသွားကြပုံရပါသည်။

၂၀၄

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ကိုယ် အလုပ်များနေသည်။ သူငယ်ချင်းတွေနှင့် မင်္ဂလာဆောင်ဖိတ်စာတွေ လိုက်ဝေနေရသဖြင့် မောလို့ မောမှန်း မသိအောင် ဖြစ်နေသည်။ နောက်ပြီး သစ္စာနှင့် မတွေ့ရဘူးဆိုသော်လည်း ဒီနေ့ သစ္စာအိမ်ကို ဖိတ်စာတွေ သွားပေးရင်း သစ္စာကို တွေ့ခဲ့ရသေးသည်။ သူမကိုလည်း ပါးပြင်ပေါ် တစ်ချက် နိုးနမ်းဖြစ်အောင် နိုးနမ်းခဲ့သေးသည် မဟုတ်လား။

✽✽✽

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

ကိုယ် လမ်းကလေးအတိုင်း လျှောက်နေသည်။

ဒီလမ်းကလေးက သူမနှင့် ကိုယ်ကို ဆုံဆည်းပေးခဲ့တာပဲ မဟုတ်လား။ ကိုယ့်လက်ထဲမှာ စက္ကူဝဲစွန်လေးတွေ အများကြီးရှိနေသည်။ သစ္စာကို ကိုယ် သတိရမိ၏။ မကြာခင်မှာ သစ္စာကို ကိုယ် တွေ့ရတော့မည်။ နောက်နှစ်ရက်ကျော်လျှင် သစ္စာနှင့် ကိုယ် လက်ထပ်မည်။ ဒီလမ်းကလေး၏ ဟိုတစ်ဘက်တွင် သစ္စာတို့အိမ်ရှိသည်။ ကိုယ်က သစ္စာနှင့် ဒီနေ့ကစပြီး တရားဝင် ပြန်လည်တွေ့ဆုံခွင့်ရမည် ဖြစ်သောကြောင့် ကိုယ် သစ္စာ၏အိမ်ကို အမြန်ဆုံးနှုန်းဖြင့် သွားနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



လမ်းကလေးထဲ ကားတွေ ချိုးဝင်လာတာ ကိုယ် မြင်မိသည်။ တစ်စီး ... ၊ နှစ်စီး ... ၊ သုံးစီး ... ကားပေါ်မှာ လူတွေ အပြည့်လိုက်ပါသွားကြသည်။ ကားတွေက အသုဘပို့သော ကားတွေ ဖြစ်နေသည်။

ကိုယ်ဘေးမှ ဖြတ်သွားသော ကားတစ်စီး၏ ဘေးနံရံပေါ်တွင် စာရွက်အဖြူလေးကို ကိုယ် ကြည့်မိလိုက်သည်။

**မပန်းသစ္စာ**

**အသက်(၂၄)နှစ်**

ကိုယ့်ခေါင်းတွေ ရုတ်တရက် ကြီးထွားလာသည် ထင်လိုက်ရ ... ။ ကိုယ့်အာခေါင်တွေက အပူနှင့် ခြောက်သွေ့။ ကိုယ့်လက်တွေ အစွမ်းကုန် တုန်ယင် ... ။

ကိုယ် ပြေးသည်။

ကိုယ် အရမ်းအမြန်ကြီးပြေးသည်။

ကိုယ် ဒီထက်ပိုမမြန်နိုင်လောက်တော့အောင် အမြန်ဆုံး ပြေးသည်။ အဝေးမှာ သစ္စာ၏အိမ်ကလေးကို ကိုယ် လှမ်းမြင်ရ။ ကိုယ့်လက်ထဲ စက္ကူဝဲစွန်ကလေးတွေက လမ်းကလေးမှာ တစ်ခု တပြား ကျကျန်ရစ်ခဲ့ ... ။ နောက် ... ကိုယ် ... "အား"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် သတိရလာသောအခါ ကိုယ့်ဘေးမှာ သစ္စာ၏ မေမေ၊ ကိုယ့်အဖေ၊ ကိုယ့်အမေနှင့် ကိုယ့်အပေါင်းအသင်းများ။

"မောင်သွင်ထူးအောင် စိတ်ကိုထိန်းနော် ... သမီးလေး အဟင့် သမီးလေး ... သမီးလေး မရှိတော့ဘူးကွယ် ... "

သစ္စာ၏မေမေ့ အသံက ကိုယ့်နားမှာ ကြားတစ်ချက် မကြားတစ်ချက် ... ။ သမီးကလေးက သူတစ်ခုခု ဖြစ်သွားခဲ့ရင် မောင်သွင်ထူးအောင်နဲ့ ... မောင်သွင်ထူးအောင်တို့ မိသားစုကို အကြောင်းမကြားပါနဲ့လို့ အန်တီကို ဟင့် ... ဟင့် ... မှာသွားတာပါပဲကွယ် ... ဟင့် ... ဟင့် ... ။ ကိုယ် ကြောင်တောင်တောင် နှင့် ခုတင်ပေါ်မှာ ထထိုင်မိသည်။ ကိုယ့်စိတ်တွေ ဒီမှာမရှိ ... ။

www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင် ... သွင်ထူးအောင် သူငယ်ချင်း ... စိတ်ကိုဖြေပါကွာ ... မင်းငိုချင်ရင် ငိုချလိုက် ... ငိုချ လိုက်လေ၊ တင်းမထားနဲ့။ ကိုယ် ဘာတွေကို ယုံကြည်ပစ်ရမှာလဲ။ ဟင့်အင်း မဟုတ်ဘူး။ သစ္စာ ဘယ်မှာလဲ သစ္စာ ... သစ္စာရေ ... ထွက်ခဲ့ကွာ။ သား ... သား ... သွင်ထူးအောင် ... ကိုယ့်ကိုယ်ကိုယ် ထိန်းမှပေါ့ကွာ။ မောင်လေး ... မောင်လေး ... တရားနဲ့ဖြေ မောင်လေး။ ငါ့ကို ကြည့်စမ်း ... ငါ တိုးဝင်းလေ မင်း မှတ်မိတယ် မဟုတ်လား။ မှတ်မိတယ် တိုးဝင်း ... သစ္စာနဲ့ ငါနဲ့ မင်္ဂလာဆောင်ကို မင်း လာဖြစ်အောင် လာနော် ဟော့ကောင်။ မောင်သွင်ထူးအောင် ... မောင်သွင်ထူးအောင် ... အနိစ္စတွေပါကွယ်။ အဟင့် ... အနိစ္စရဲ့ အပြစ်တွေပါ။ မောင်လေး ... ရော့ ... ဒီမှာ ရေသောက်လိုက်ဦး။ သား ... သား ... သတိရပြီလား။ သူငယ်ချင်း သွင်ထူးအောင် ... ငါက ကိုမိုးလေ ... ဟိုမှာ သစ်နိုင်။ ဒီမှာ ငါတို့အားလုံးရှိတယ် ... မင်း ဘာမှ မပူနဲ့။

၁၀၀၁

www.burmeseclassic.com

## စိတ္တဇအခန်း

"အိုး ..."

အလင်းတန်းတစ်ခု ဖျတ်ခနဲ လင်းသွားပြီး အတော်လေး ကြာမှ သူမျက်လုံးတွေကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။ နံပါတ်(၉)၏ နဖူးပြင်ပေါ်မှ သူ့လက်က မရှိတော့ ...။

သူ သက်ပြင်းမောတစ်ခု ချလိုက်သည်။

"လေတွေ မိုးတွေတိုက်နေပြီ ..."

ရက်ဒ်အင်ဒီးယန်းမျက်နှာနှင့် နံပါတ်(၉)က ခုတင်ပေါ်မှာ ဘေးတစောင်းလေး လှဲလျက်နှင့် ပြောသည် ...။ သူ နံပါတ်(၉)ကို တစ်ချက်ပြုံးပြပြီး နေရာမှထသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာလိုလို့နှင့် သူ့တာဝန်တောင် ပြီးဆုံးတော့မည်။ သူက သူ မဆုံဖြစ်သေးသည့် နံပါတ် (၂၄)ကို လှမ်းကြည့်လိုက်၏။

နံပါတ် (၂၄) လမ်းလျှောက်နေပါသည်။

နံပါတ် (၂၄) က သည်အခန်းထဲရှိ စီတန်းထားသော ခုတင်တွေ၏ ခြေရင်းကွက်လပ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

သူ နံပါတ်(၂၄)အနားကို ရောက်သွားသည်အထိ နံပါတ် (၂၄)က လမ်းလျှောက်မပျက်။ ထို့ကြောင့် နံပါတ်(၂၄)က သူနှင့် နီးလာလိုက် ဝေးသွားလိုက်ဖြစ်နေသည်။ သူက စိတ်ရှည်စွာပင် နံပါတ် (၂၄) လမ်းလျှောက်တာကို ရပ်ကြည့်နေလိုက်သည်။

အတော်ကြာတော့ နံပါတ်(၂၄) လမ်းလျှောက်တာ ရပ်သွားကာ သူ့ဆီ တည့်တည့်လာစိုက်ကြည့်နေ၏။ သူက ထုံးစံအတိုင်း ရှေ့ကလူတွေလို နံပါတ်(၂၄)ကို ပြုံးပြလိုက်ပါသည်။ ပြီးမှ သူ့ညာဘက်လက်က နံပါတ်(၂၄)၏ နဖူးပြင်ပေါ် တရွေ့ရွေ့နှင့်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း ... "

"အား ... "

အသံနှစ်ခုက အခန်းထဲတွင် တစ်ဆက်တည်းလိုလို ထွက်ပေါ်သွား၏။ သူ့မျက်နှာတစ်ခုလုံး ပူထူသွားတာကို သူ သိလိုက်သည်။ ယိုင်သွားသည့် သူ့ကိုယ်ကို ပြန်အတည့် ... ။

"ဖုတ် ... "

"အွတ် ... "

ဗိုက်ကို လက်နှစ်ဖက်ဖြင့်နှိပ်ရင်း သူ လဲပြိုကျသွားကာ သူ့မျက်လုံးက ပြူးထွက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဟော့ ... ရွှေမောင်း မလုပ်ရဘူး ... အဲဒါ မင်း လူလေ ... မလုပ်ရဘူး ... မလုပ်ရဘူး ... လာလာ ..."

အခန်းထောင့် တစ်နေရာမှာ စောင့်ကြည့်နေသော တာဝန်ကျ Male Nurse နှစ်ယောက် ရောက်လာကာ နံပါတ်(၂၄)ကို သူ့နေရာသူ ပြန်ခေါ်သွားကြသည်။

"ဟော့ ... မင်းရော ထတော့ ... ဘာလဲ နာလည်း မနာ ဘဲနဲ့များ ..."

သူ့ မျက်နှာကို ရှုံ့မဲ့ရင်း ထလိုက်သည်။ Male Nurse နှစ်ယောက်က နံပါတ်(၂၄)ကို ပြန်ပို့ပြီး သူ့ဆီ ချက်ချင်းပြန်ရောက် လာသည်။

"မင်း ရွှေမောင်းကို ဘာလို့ သွားစရတာလဲ ... နောင် မစရဘူးနော် ... မှတ်ထား ..."

"ကျွန်တော် မသိဘူး ..."

"အေး ... ပြောလိုက်ရင် မသိဘူးဘဲ ... ကဲ ... ကဲ ... ကိုယ့်နေရာ ကိုယ်ပြန်သွား ... မဆိုးရဘူးနော် ..."

Male Nurse နှစ်ယောက်ကို ကျောခိုင်းပြီး သူ့အတွက်ချ ထားသော ခုတင်လေးဆီ သူ ပြန်လာခဲ့သည်။ သူ့နောက်ဘက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့သည့် Male Nurse နှစ်ယောက် ပြောနေသော စကားများကို တော့ သူ မကြားရတော့ပါ။

၂၀၄

www.burmeseclassic.com

www.burmeseclassic.com



ပထမMale Nurse။ သူက ဘယ်လိုဖြစ်ပြီး ဒီနေရာရောက်လာ
တာလဲဗျ။

ဒုတိယMale Nurse။ ဘာလဲ ထူးဆန်းနေလို့လား ... ။
လေ ခင်ဗျားက ဒီနေ့မှ ဒီမှာ တာဝန်
တာဆိုတော့ သူ့အကြောင်း ဘယ်သိ
မလဲ။

ပထမMale Nurse။ အင်း ... သူက ဘာဖြစ်လို့ နဖူး
လိုက်စမ်းနေရတာလဲ။ ဆေးကုတာ
ပါးစပ်ကလည်း ဘာတွေရွတ်နေတာ

ဒုတိယMale Nurse။ ဒီလိုဗျ သူက သူ့ကိုယ်သူ အကြား
ရနေတယ်လို့ ထင်နေရှာတယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com



ပထမMale Nurse။ ဗျာ ... အကြွားအမြင် ဟုတ်လား ... ။ တကယ်ကော့ရလား။

ဒုတိယMale Nurse။ ခင်ဗျားကလည်းဗျာ ... တကယ်ဆိုရင် ဒီနေ့ရာကို ရောက်လာပုံမလားဗျ။ သူက နဖူးတွေစမ်းပြီး အဲဒီလူရဲ့ အတိတ်အဖြစ်အပျက်ကို ပါးစပ်ကနေ တဖွဖွရွတ်ပြောနေတာ။

ပထမMale Nurse။ ဟာ ... တယ်ဟာနက်ကျပါလား။ သူပြောတာ မှန်တယ်တဲ့လား။

ဒုတိယMale Nurse။ သနားစရာ စိတ်ဝေဒနာရှင်တစ်ယောက်ရဲ့ စကားက ဘယ်မှန်ပါ့မလဲဗျာ ... ဟိုရောက် ဒီရောက်ပေါ့။

ပထမMale Nurse။ နောက်နေ့တွေကော သူက ဒီလိုလုပ်ဦးမှာလား။

ဒုတိယMale Nurse။ သူ့အတွက်က မနက်ဖြန်ရောက်ရင် ဒီအခန်းထဲက လူတွေအကုန်လုံး သူ မသိမြင်ဘူးတဲ့ လူပဲ ပြန်ဖြစ်သွားတယ်။ ဒီနေ့ အတိုင်း သူ့ပြန်စမ်းဦးမှာပဲ။ သူ စမ်းပြီး

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| | သားလူဆိုတာကို သူ ပြန်မမှတ်မိတော့ဘူး။ |
| ပထမMale Nurse။ | သူ့ကိုယ်သူရော ပြန်မစမ်းဘူးလား။ |
| ဒုတိယMale Nurse။ | စမ်းတော့ စမ်းတယ် ... ဒါပေမဲ့ ပါးစပ်ကတော့ မပြောဘူး။ သူပြောတတ်တဲ့ စကားက နှစ်ခွန်းထဲရှိတယ်။ "ကျွန်တော်က အကြားအမြင်ရနေတဲ့သူပါ ... " နဲ့ "ကျွန်တော် မသိဘူး"ဆိုတဲ့ ရှေ့နောက်မညီတဲ့ စကားနှစ်ခွန်းပဲ။ ပြီးတော့ သူ့အကြားအမြင်က ရှေ့ဖြစ် မဟုတ်ဘူးဗျ၊ နောက်ဖြစ်ချည်းပဲ။ |
| ပထမMale Nurse။ | အေးဗျာ ... ။ မနက်ဖြန်ရောက်မှ သူများနဖူးတွေ သူ လိုက်စမ်းပြီး ပြောတာတွေ နားထောင်ရမယ်။ |
| ဒုတိယMale Nurse။ | ခင်ဗျား နားထောင်ရင် ခင်ဗျားလည်း စိတ်ရောဂါသည် ဖြစ်သွားလိမ့်မယ်၊ နားမထောင်ပါနဲ့ဗျာ။ သူ့ကို မြို့တစ်မြို့က လူတွေ စုပေါင်းပြီး လာပို့လို့ သူ ဒီကိုရောက် |

www.burmeseclassic.com

www.burmeseclassic.com



လာတာ။ အဲဒီမြို့ကလည်း သူ အရင်က သူ မနေဖူးဘူးတဲ့။ မြို့ထဲမှာ တွေ့တဲ့လူ နဖူးလိုက်စမ်းနေလို့တဲ့ဗျာ။ ပြောရရင် အကြားအမြင်ရနေတဲ့ အတိတ်မေ့လူနာ ပေါ့ဗျာ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်(---)

ငါ့ကို မင်းတို့တွေ လူမှုဗေဒအရသိတာ

ဒဿနအရသိတာ၊ အနုပညာအရသိတာ

ငါ့ရဲ့အတွင်းသားအစစ်အမှန် မဟုတ်ပေဘူး။

မင်းတို့သိမြင်တဲ့ ငါ့ကိုယ်ရေးရာဇဝင်ဟာ

ပထဝီမြေသားထုအောက် နစ်မြုပ်နေသော

ကျောက်ပြားတစ်ချပ်လောက်သာ တွေ့ရပုံမျိုးဖြစ်ရဲ့

ငါဟာ ကမ္ဘာမြေရဲ့ လူသားတစ်ယောက်ဖြစ်တယ်။

လူသားတစ်ယောက်မှာ

ရှုပ်ထွေးဖုံးကွယ်ထားခြင်းများ ပြည့်နှက်

လျှို့ဝှက်မှုန်းကြုပ်မှုတို့ များပြား ။

(နောက်ကွယ်ရှုထောင့်မှ ...)

(၂၀၀၀ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



## အဆုံး

သူ့ စုတင်ပေါ်မှာလှဲရင်း ညာဘက်လက်ကို လှမ်းရှားလိုက်၏။ သူ့နဖူးပြင် သူ ပြန်စမ်းမိသည့် အရာသာကိုရသည်။

သူ့မျက်လုံးတွေကို မှိတ်လိုက်သည်။

သူ့အာရုံအားလုံး တစ်စစီ စုစည်းလိုက်သည်။

"အင်း ..."

အလင်းတန်းတစ်ချက် ဝင်းခနဲ လက်သွားကာ ခပ်တိုးတိုး သူ ညည်းဆိုဖြစ်၏။

ထို့နောက် သူ့စိတ်ဝိညာဉ်တစ်ခုလုံး တစ်စုံတစ်ရာ၏ဆွဲစုပ်ယူခြင်း ခံရပုံမျိုး သူ လွင့်မျောသွားတော့သည်။

၁၀၄

www.burmeseclassic.com

www.burmeseclassic.com



# ၃

ပန်းချီကားတစ်ချပ်ကို သူ မြင်နေရသည်။ ပန်းချီကားက အရောင်တွေ ရှုပ်နေအောင် ရေးခြယ်ထားဟန်။ ရုတ်တရက် ကြည့်လျှင် ထူးခြားမှုမရှိဟု ထင်ရသည်။

ပန်းချီကားကို သူ သေသေချာချာ စိုက်ကြည့်ရင်း ပန်းချီကား၌ ရောင်စုံအရုပ်များထဲမှာ ဇလာလေးတစ်စက်ကို သူ တွေ့မြင်လိုက်ရသည်။

တဖြည်းဖြည်းနှင့် ပန်းချီကားက အသက်ဝင်လာသည်ဟု သူ ထင်မိသည်။ သူ့အတွေး မဆုံးခင်မှာပင် ပန်းချီကားပေါ်မှ ရောင်စုံစုတ်ချက်များက လူတွေဖြစ်သွားကြသည်။ လူတွေ၊ လူရောင်စုံတွေ ...။ အစိမ်း၊ အနီ၊ အဝါ၊ အပြာ၊ အမည်း၊ အဖြူ၊ အညို၊ အို ... လူတွေ လူရောင်စုံတွေ။

www.burmeseclassic.com

www.burmeseclassic.com



သူက ထိုပန်းချီကားထဲမှ ဗလာတစ်စက်ဖြစ်နေသည်။ ထို့ကြောင့် လူရောင်စုံကြားမှာ သူက ဗလာလူတစ်ယောက် ဖြစ်လို့နေသည်ကို အံ့ဩဆန်းကြယ်စွာဖြင့် တွေ့ရှိလိုက်ရလေတော့၏။

BURMESE CLASSIC

**လွှန်းဆက်နိုးမြတ်**

***15.6.06***

***05:18 AM***

www.burmeseclassic.com